မြဝတီ နေ့စဉ်

ရောင်စုံကလွှာစုံလင် ဦးစွာဖြန့်ချို မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့ဆောင်၊ ကြီးမှူးဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သော စိတ်ဖြင့်ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏ နောက်သို့ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏ နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၂၁၃)

■ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord)အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီအဖွဲ့ဝင်များအား ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊(၂)၊(၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ

စာမျက်နှာ ၆ ကော်လံ ၁ ➡

ယနေ့ မြဝတီ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး
စာ - ၇ သို့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး
စာ - ၁၀ သို့

ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိပါက နိုင်ငံတော်သို့အပ်နှံ၍ ဆုကြေးငွေရယူကြပါစို့
ဆောင်းပါး စာ - ၁၄ သို့

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကျင်းပ

ပြည်သူ သုံးသိန်းကျော် လာရောက်ကြည့်ရှုအားပေး



တောင်ကြီး နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ အဝေးရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူ သုံးသိန်းကျော် လာရောက်ကြည့်ရှုအားပေးကြသည်။

ပွဲတော်ကို ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည်

စာမျက်နှာ ၁၂ ကော်လံ ၁ ➤

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression)သည် မြောက်-အနောက်မြောက် ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island) ၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့

စာမျက်နှာ ၁၆ ကော်လံ ၁ ➤

နေပြည်တော်နှင့် ကိုရီးယားနိုင်ငံမှ အထူးကုဆရာဝန်ကြီးများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များအား ခွဲစိတ်ကုသပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီး၌

စာမျက်နှာ ၁၇ ကော်လံ ၁ ●

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်

အမှောင်ပယ်ခွင်း၍ အလင်းသို့ပို့ဆောင်ခြင်း

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူကမ္ဘာဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသရသည်စကျွတ်အာရုံချို့ယွင်းသူများကိုအလင်းရောင် တွေ့မြင်ရသည်အထိ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေး လျက်ရှိသည်။ သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့ သီတဂူ စကျွဒါနဆေးရုံတော်တွင် အခမဲ့မျက်စိခွဲစိတ်ကုသမှုများကို ၂၀၂၃ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအကြိမ်အထိ လာရောက်မျက်စိစမ်းသပ်သူ ပြင်ပလူနာ ၂၅၀၂၇ ဦးကို စမ်းသပ်ကုသ ပေးနိုင်ခဲ့သည်။ ခွဲစိတ်လူနာ ၇၉၀၀ ကျော်ကို ကုသမှုဆောင်ရွက်ပေး နိုင်ခဲ့ပြီး ထိုအထဲမှ ၅၂၂ ဦးအား လေဆာဖြင့် ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့်ခရီးစဉ်တွင်လိုက်ပါလာ သည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ နိုဝင်ဘာလ ၁၅ ရက် မွန်းလွဲ ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူစကျွဒါနဆေးရုံတော်သို့ရောက် ရှိကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူကမ္ဘာဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသရအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ဘုရားကြီးထံ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို မေးမြန်းလျှောက် ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာများကိုနာယူသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သီတဂူစကျွဒါနဆေးရုံတော် အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်များပေးအပ် သည်။ နိုင်ငံတော်သမ္မတသည် သီတဂူစကျွဒါနဆေးရုံတော်အတွင်း မျက်စိခွဲစိတ်လူနာများအား ကုသပေးနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုအားပေးပြီး သီတဂူစကျွဒါနဆေးရုံတွင် လာရောက် ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများနှင့် မျက်စိခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

လူတိုင်းသည် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လူမှုစီးပွားဘဝ များကိုဆောင်ရွက်လိုကြသည်။ ကျန်းမာခြင်းမှာ လာဘ်ကြီးတစ်ပါးဆို ထားသည်နှင့်အညီ ကျန်းမာရေးကောင်းမွန်နေသူတို့သည် ကောင်းမွန် သောဆုလာဘ်ကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝစွာဖြင့် လူ့ဘဝခရီးကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြ သည်။ ကိုယ်၏ကျန်းမာရေးမကောင်းလျှင် စိတ်၏ကျန်းမာခြင်းသည် လည်း ရှိနိုင်မည်မဟုတ်ပေ။ ဆုံးရှုံးမှုကြီးမားသောကျန်းမာရေးအခြေ အနေများတွင် စကျွဒါအာရုံချို့ယွင်းခြင်းလည်း ပါဝင်သည်။ ထို့ကြောင့် စကျွဒါအာရုံချို့ယွင်းသူတိုင်းသည် အလင်းရောင်ကို ပြန်လည်မြင်နိုင်ရေး အတွက် ကူညီစောင်မကြည့်ရှုမည့်သူကို တောင့်တမျှော်လင့်ကြသည်။ မြန်မာဆိုရိုးစကားများတွင် မျက်စိနှင့်ပတ်သက်၍ “မျက်စိအဆုံး၊ နားအရှုံး” ဟု ဆိုထားခြင်းဖြစ်သည်။

အမှောင်တွင်းမှ အလင်းရောင်သို့ ရောက်ရှိလာသူတိုင်း၏အနာဂတ် မှာ ပျော်ရွှင်ကြည်နူးဖွယ်ဖြစ်သည်။ မိမိတို့ဘဝတွင် မမြင်မတွေ့ဟု ထင်ထားသောအရာအားလုံးကို ပြန်လည်မြင်တွေ့ကြရသည်။ သူတို့၏ ဘဝတွင် ထီဆုကြီးတစ်ခုပေါက်သည့်အလား ဝမ်းသာပျော်ရွှင်မှုတို့ အတိုင်းထက်အလွန်ဖြစ်နေပေလိမ့်မည်။ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ က သီတဂူဆရာတော်ကြီးထံ တွေ့ဆုံလျှောက်ထားမှု၊ သီတဂူစကျွဒါန ဆေးရုံတော်အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းမှု၊ သီတဂူစကျွဒါနဆေးရုံတွင် လာရောက်ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးမှုမြင်ကွင်းများမှာ မြင်ရသူတိုင်း စိတ်ချမ်းမြေ့ ကုသိုလ်များတိုးပွားစေခြင်းဖြစ်၍ သာဓု ခေါ်ဆိုပါကြောင်း။ ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုး များကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး

သရက် နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုများကို ခရိုင်စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုဝင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် သရက်ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့် ကော်မတီအဖွဲ့ဝင်များက ထုံးထောင်ကျေးရွာ တောင်သူဦးမင်းဇော်ဦး၏ကွင်းအမှတ်(71A)၌ စိုက်ပျိုးထားရှိသော ချည်မျှင်ရှည်ဝါရွေတောင်-၈ စံပြကွက် ငါးဧကစိုက်ခင်းအား စိုက်ပျိုးရေးဦးစီးဌာနမှအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းမှထွက်ရှိသောဝါများ ဈေးနှုန်းမှန်ကန်စွာရရှိရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မုံလွဲလီကျေးရွာ တောင်သူဒေါ်စိန်စိန်၏ ကွင်းအမှတ် (၅၂) လယ်မြေတွင် မှော်ဘီ-၂ မိုးစပါးမျိုးစေ့ထုတ် သုံးဧကစိုက်ခင်းသို့ရောက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ စံကွက်ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးပြီး မိုးစပါးသီးနှံအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အချိန်မီသီးနှံရိတ်သိမ်းခြွေလှေ့ကြရန်နှင့် မိုးစပါးအပြီး ဆောင်းသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။ အဆိုပါ မိုးစပါးစံပြကွက်အား စံကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်းအနေဖြင့် တစ်ဧကျမ်းမျှ အစို ၁၃၁ တင်း၊ အခြောက် ၁၁၈ တင်း ထွက်ရှိကြောင်း သိရသည်။ **ဝေယံ(သရက်)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၁-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၆:၀၅ တရားတော်
၂။ ၀၇:၀၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၄။ ၀၉:၂၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅။ ၁၀:၄၅ စိုက်ပျိုးသုတ
၆။ ၁၂:၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၇။ ၁၅:၂၅ တစ်ချိန်ကသူတို့အကြောင်း
၈။ ၁၆:၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၉။ ၁၈:၃၀ ယဉ်ကျေးမှုအမွေမြန်မာစာပေ

မြဝတီ

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၂ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၃)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)**အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)][N.D.P (Kachin)]** ကို ၁၆ - ၁၁ - ၂၀၂၆ ရက်နေ့မှစ၍ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကချင်မျိုးနွယ်စုတွင် “လော်ဂေါ်”အစား “လော်ဝေါ်”နှင့် “လီဆူး”အစား “လီဆူ” လူမျိုးအမည်မှန်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

ကချင်မျိုးနွယ်စုတွင် “လော်ဂေါ်” အစား “လော်ဝေါ်” နှင့် “လီဆူး” အစား “လီဆူ” လူမျိုးအမည်မှန်ပြင်ဆင်နိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းတွင်မြစ်ကြီးနားမြို့ရှိတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုများကို ရှိရင်းစွဲမူလလက်ရာကို မထိခိုက်စေဘဲ အထူးသတိပြုဆောင်ရွက်ကြရန်၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု တိုင်းပြည်အေးချမ်းသာယာမည်ဖြစ်ပြီး တိုင်းပြည်အေးချမ်းသာယာမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိဒေသ အေးချမ်းသာယာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ဂျိန်ဖော့၊ လာချိ၁၊ လော်ဂေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး(ခ)အဇီး၊ တိုင်းလိုင်/တိုင်းနိုင်း၊ တိုင်းလေ၊ တိုင်းခမ်းတီ၊ တိုင်းဆာ(ခ)မိုင်းသာ၊ တိုင်းလုံ၊ ကရင်ချင်း၊ ဗမာနှင့် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ အေးဖွံ့ဖြိုးရေးနှင့်တိုင်းရင်းသားလူမျိုးအမည်မှန်ပြင်ဆင်ပေးနိုင်ရေး၊ တိုင်းရင်းသားဘာသာစာပေသင် (TA/LT) ဆရာ၊ ဆရာမများ ခန့်ထားရေး၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဆိုင်ရာမှတ်တမ်းများထားရှိနိုင်ရေးနှင့် နည်းပညာများ ပံ့ပိုးပေးနိုင်ရေး၊ ပြည်နယ်အဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့် တိုင်းရင်းသားအချင်းချင်းနှီးနှောဖလှယ်ရေးအစီအစဉ် ကျင်းပပေးနိုင်ရေး၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော် ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင်ညွှန်ကြားရေးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ရုံးလုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

ကျေးရွာသစ်လှုပ်ရှားမှုကော်မတီ ခေါင်းဆောင်များအတွက် အခြေခံစိုက်ပျိုးမွေးမြူရေးဆိုင်ရာသင်တန်း(၁/၂၀၂၆)ဖွင့်လှစ်



နေပြည်တော် နိုဝင်ဘာ ၁၆

ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ၄၀ မှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီခေါင်းဆောင်များအတွက် ဖွင့်လှစ်ပို့ချသွားမည့်အခြေခံစိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ကျေးလက်ဒေသမြှင့်တင်ရေးကဏ္ဍ၏အရေးပါမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ မြေပြန့်ကော်ဖီ၊ ဝါသီးနှံနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ဝင်အရည်အသွေးကောင်းသီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ချက်များနှင့် သင်တန်းကာလနှင့် လေ့လာရေးအစီအစဉ်များအတွင်း နည်းပညာ၊ အသိပညာ ဗဟုသုတများနှင့် သုတေသနဆိုင်ရာ သိမှတ်ဖွယ်ရာများကို မေးမြန်းလေ့လာမှတ်သားသွားကြပြီး လက်တွေ့အသုံးချနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်းဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းတွင် သဘာဝမြေဩဇာသုံးစွဲနည်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲနည်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်း၊ စားမြိုပြန်သတ္တဝါနှင့်ကြက်မွေးမြူနည်းများ၊ တိရစ္ဆာန်မှ လူကိုကူးစက်တတ်သောရောဂါကာကွယ်နည်းများကို ပို့ချပေးသွားမည်ဖြစ်ပြီး စက်မှုလယ်ယာသင်တန်းကျောင်းနှင့် မျိုးစေ့ဘဏ်တို့ကို လေ့လာနိုင်ရေးစီစဉ်ထားရှိကြောင်းနှင့် ကျန်ရှိညည့်ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာများမှ ကော်မတီခေါင်းဆောင်များကိုလည်း အပတ်စဉ်အလိုက် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

လတန်ဆောင်တိုင်

❖ တန်ဆောင်မုန်းလ၊ ရောက်ကြသောအခါ
မြောက်ပြန်လေညင်း၊ ဆော်သွင်းတိုက်ခတ်လာ
ရွှေကျီးတာရာ၊ ထိန်သာညချမ်း။
ဗြိစ္ဆာရာသီ အခါညီ
သာကြည်ရွှင်ပျ လန်းသည်နှင့်လေး။

❖ အာကာဘုံနန်း၊ တင့်လျှမ်းလှစုံညီ
ကြတ္တိကာနက္ခတ်၊ ထင်ဟပ်ခုနစ်လုံးစီ
ခဝဲပွင့်စီ၊ မဲဇလီဆွတ်ခူး။
ဆေးပေါင်းခသည် စားကြမည်
ဝေစည်မေတ္တာ ထူးသည်နှင့်လေး။

❖ သာယာကြည်နူး၊ သီကျူးတေးသံစဉ်
ကျီးမနိုးပွဲ၊ ဆင်နွဲကြသည်ပင်
တစ်ဝန်းပြည်ခွင်၊ ပျော်ရွှင်ခြိမ့်သဲ။
ကထိန်ခင်းကာ ကုသိုလ်ရှာ
စဉ်လာဓလေ့ မြဲသည်နှင့်လေး။

❖ ဆွမ်းကြီးတင်ပွဲ၊ ပြုမြဲနှစ်စဉ်ကို
မသိုးသင်္ကန်း၊ လှူဒါန်းပူဇော်လို
စေတနာပို၊ ပြုံးချီမျက်နှာပေး။
ရက်ကန်းသံပြိုင် မမောနိုင်
မြဲခိုင်သဒ္ဓါ မွေးသည်နှင့်လေး။

❖ အဖသတ်ဝဋ်ကြွေး၊ လွတ်ရေးပူပန်
သား “ဇာတသတ်”၊ ထွက်မြတ်စိန္တေထံ
ဝန်ချတောင်းပန်၊ ကောင်းရန်အမှု။
သောကငြိမ်းပျော် တရားတော်
မြွက်ဖော်တိုက်ကျွေး ပြုသည်နှင့်လေး။

❖ ကောင်းမှုဝေဝေဖြာ၊ တန်ဆောင်မာသ၊
အလှဖြာဖြာဝေ။
သောင်းထုဝေနေယျာ၊ နောင်ထာဝရ၊
ဘဝသာယာစေ။ ။

ပုလောစိုးနံ့သာ

သဇင်(FM)အသံလွှင့်အစီအစဉ် ၁၇-၁၁-၂၀၂၆(အင်္ဂါနေ့)

၁။	၀၈:၀၀	နှလုံးသား၀ယ် ဘုရားတည်
၂။	၁၁:၅၀	လှပကျန်းမာ
၃။	၁၄:၅၀	Behind The Success
၄။	၁၆:၀၀	တပ်မတော်စာတိုက်ခန်း
၅။	၁၇:၀၀	ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။	၂၁:၂၀	Memory Box

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

အော်သံဟစ်သံများကြောင့် ညီတော်တစ်ပါးကို သစ်တပ်မြို့ရိုးပေါ်သို့ သုံးဆယ်မင်းသားကြီးက ပခုံးနှင့်ထမ်းတင်နေရာ ထိုမင်းသားမှာ ဒဏ်ရာရထားသဖြင့် ညီနောင်နှစ်ပါးအတူလဲကျသွားကြသည်။ အနက်ရောင်ဝတ်စုံနှင့်ခေါင်းသမားက အပြေးသွားကာ ကိုယ်ခံပညာကျွမ်းကျင်ပြီးဖြစ်သော မင်းသားကြီးအား ပခုံးနှင့်ထမ်း၍ ခြေဖါးတော်အစုံကို အားကုန်မြှောက်တင်လိုက်ရာ သစ်တပ်အပြင်ဘက်သို့ ကျသွားလေတော့၏။ ထိုအချိန်တွင် ရန်သူတို့ပစ်လွှတ်လိုက်သောလှံများက ဝဲပျံလျက် သစ်လုံးတိုင်များသို့ စိုက်ဝင်လေသည်။

“ဟေး ဟိုမှာ ဟိုမှာ ပစ်ပစ်”

“ကိုယ့်အသက်ကိုနှမြောသူ တစ်ယောက်မှမကပ်နဲ့ ကျား”

“ဟာ ခုနထွက်သွားပြီ၊ ဟေး ဒီလောက်အမြင့်ကြီးကို အလွတ်ခုန်ထွက်သွားတာ ဘယ်မင်းသားလဲ၊ အနားသိပ်မကပ်ကြနဲ့၊ ဟေး လူမကနတ်တမျှစွမ်းသဟေး”

အမှောင်ထဲက အနက်ရောင်ဝတ်စုံနှင့်မားသမား၏ ပေါ့ပါးလျင်မြန်လှသောလှုပ်ရှားမှုကို မျက်ဝါးထင်ထင်မြင်လိုက်ကြရသည့် ရဲမက်များမှာ ရှေ့သို့မတိုးရဲကြတော့ဘဲ အဝေးမှ အော်ဟစ်ငြာသံပေးနေကြလေသည်။ အဖြစ်အပျက်က မြန်ဆန်လွန်း၍ သူတို့အမြင်မှားကြခြင်းဖြစ်၏။ သူတို့ပစ်လွှတ်လိုက်သောလှံတံက သစ်လုံးများ၌စိုက်ဝင်သွားရာ ပေါ့ပါးသွက်လက် ကျွမ်းကျင်လေသော ဓားသမားက လှံရိုးပေါ် ခြေထောက်နှင့် တစ်ချက်အားပြုနင်းကာ သစ်တပ်အပြင်သို့ ခုန်ထွက်နိုင်ခဲ့ခြင်းဖြစ်သည်။

“ဟင် အရှင့်သား မပြေးသေးဘူးလားဘုရား၊ သူတို့တစ်တွေ ထွက်လိုက်လာကြပြီဘုရား အမြန်ပြေး ...”

“ဒဏ်ရာနဲ့ ကိုယ်တော့်ညီတော်သုံးပါး အထဲမှာကျန်...ဟင် မောင်မင်း ပြေးပြေး ကိုယ်တော့်ကိုထားခဲ့”

“ဟေး ဟိုမှာတစ်ယောက်လဲနေတယ်၊ ဝိုင်းထား မလွတ်စေနဲ့ ဝိုင်းထားကြ၊ ရာဇဝတ်သားတစ်ယောက်မှမလွတ်စေနဲ့၊ အရှင်နန်းမတော် ဆင်ဖြူမရှင်သခင်မဘုရားကြီးအမိန့်ကွ”

ဝတ်လဲတော်ပုဆိုးက သစ်လုံးအစွန်းနှင့်ငြိလျက် ခြေတော်တစ်ဖက်မှာလည်း ခြေပွတ်တိုင်လည်သွားသဖြင့် မတတ်သာသည့်အဆုံး အနက်ရောင်ဝတ်စုံနှင့်ခေါင်းသမားမှာ အမှောင်ထုအတွင်း ကိုယ်လွတ်ရုန်းပြေးဝင်ကိုယ်ယောင်ဖျောက်ခဲ့ရလေသည်။ စည်းစိမ်မကွာ မင်းချမ်းသာတို့ဖြင့် ရှည်ကြာအသက်တည်လျက် စည်းစိမ်မမှိန် ကံဘုန်းနေ့ညဆုံးတတ်သည့် ရာဇလောဘတို့၏သဘောကို မေ့လျော့နေခဲ့ကြသည့် အရှင့်သားတော် မဟာဆီမဟာသွေးတို့၏ ကြမ္မာငင်ကြပုံကို မျက်ဝါးထင်ထင်မြင်ရသူအဖို့ ရင်ထဲဆို့နေအောင်ခံစားရ၏။

ဘုရင့်သားတော်၊ သမီးတော်ဟူသော ရာဇမာန်စိတ်ကလေးများဖြင့် မင်းသား၊ မင်းသမီးငယ်လေးများ ဥယျာဉ်တော်၌ ရွှင်မြူးပျော်ပါးဆော့ကစားခဲ့ကြသည်များကို မျက်လုံးထဲကမထွက်၊ အာဏာလောဘအတွက် ရက်စက်ကြလေသူတို့၏ အောင်သေအောင်သား ပွဲသဘင်များခံဆုလာဘ်သနားတော်မူသည်တို့ နားလျှံအောင် ကြားရပေတော့မည်။ ရာဇဝင်သမိုင်း နိပါတ်တိုင်းတွင် မင်းသစ်မင်းလောင်း တစ်ကြိမ်ပြောင်းတိုင်း သာကီတို့သွေး ခြေပင်ဆေးလျက် မင်းဆက်ရာဇာ ဓမ္မာသောကာ အဇာတတ်နှင့် သိုဟန်ဘွားမျိုး မင်းအဆိုးတို့အကြောင်း ထုံးဟောင်း သာဓကများစွာ ရှိခဲ့ပါသော်လည်း အဖြစ်ဆိုးနှင့်ကြုံရလေခြင်းဟူ တွေးလျက် ရဲမက်များ ရိုက်နှက်ခေါ်ဆောင်သွားခြင်း ခံနေရရှာသော သုံးဆယ်မင်းသားကြီးကို အမှောင်ထဲမှကြည့်ကာ တောက်တစ်ချက် ပြင်းစွာခေါက်လိုက်လေသည်။

■ ■ ■ ■ ■

“တပ်မှူး တပ်မှူး လက်ဝဲဝင်းမှူးကြီးက အခေါ်တော်လွှတ်လိုက်လို့ပါ။ ကြေးတိုက်တော်ဘက်မှာ အရေးတော်ပေါ်ပါတယ်ဘုရား”

“ဩော် .. ဟုတ်ကဲ့ ရဲမက်လေး ပြောလိုက်ပါ့မယ်၊ တပ်မှူးကြီးလည်း အခုပဲ ညစာစားနေလို့ပါ”

“ရပြီ ခင်လွန်း ထမင်းပွဲသိမ်းလိုက်ပါတော့၊ မောင်ကြီးခုပဲလိုက်သွားလိုက်ပါ့မယ်”

အနားမှာထိုင်နေသောခင်လွန်းက သတင်းလာပို့သောရဲမက်လေးကို လိမ္မာပါးနပ်စွာပင် အကြောင်းပြန်လိုက်ရာ ထမင်းဝိုင်းမှထကာ ဓားလွယ်ဆွဲ၍ထွက်ခဲ့သည်။ တောင်ဥယျာဉ်တော်တစ်ဝိုက်နှင့် ကြေးတိုက်တော်အနီးတွင် ကညင်ဆီမီးတိုင်များဖြင့် လင်းထိန်နေတော့သည်။ ဤမျှမြင့်မားလှသော သစ်တပ်စည်းရိုးကို ခုန်ကျော်လွှတ်မြောက်သွားသည့် အနက်ရောင်ဝတ်စုံဝတ်ထားသောသူမှာ မည်သည့်မင်းသား၊ မင်းသမီးလဲ သို့မဟုတ် လာရောက်ကယ်တင်သူဆိုလျှင်လည်း သူမည်သူနည်း။ တိုင်တားမင်းကြီးကိုယ်တိုင် ညတွင်းချင်း လာရောက်စစ်ဆေးမေးမြန်းခဲ့လေသည်။

“အမှောင်ထဲက အနက်ရောင်ဝတ်စုံနှင့်မားသမား၏ ပေါ့ပါးလျင်မြန်လှသော လှုပ်ရှားမှုကို မျက်ဝါးထင်ထင်မြင်လိုက်ကြရသည့် ရဲမက်များမှာ ရှေ့သို့မတိုးရဲကြတော့ဘဲ အဝေးမှ အော်ဟစ်ငြာသံပေးနေကြလေသည်။ အဖြစ်အပျက်က မြန်ဆန်လွန်း၍ သူတို့အမြင်မှားကြခြင်းဖြစ်၏။ သူတို့ပစ်လွှတ်လိုက်သောလှံတံက သစ်လုံးများ၌ စိုက်ဝင်သွားရာ...”

“မောင်မင်းနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ရန်သူက မိန်းမလား၊ ယောကျ်ားလား၊ သူ့ကိုမောင်မင်းသိသလား”

ဒဏ်ရာဖြင့် သတိလစ်မေ့မြောနေရာမှ သတိလည်လာသော ကြေးတိုက်အကြီးအမှူးငကွေ်ကို အမတ်ကြီဦးဖိုးက မေးနေလေသည်။ ငကွေ်မှာ ဒဏ်ရာကိုဆေးကြောသန့်ရှင်းရင်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်နေသည်။

“မှန် မှန်လှပါဘုရား ခေါင်းကနေခြေဖျားအထိ နက်မှောင်နေပြီး မျက်နှာကိုမြင်ရဖို့ဝေးစွ ခြေဖျားလက်ဖျားသော်မျှ မမြင်လိုက်သဖြင့် ယောကျ်ားလား၊ မိန်းမလား မခွဲခြားနိုင်ပါဘုရား၊ လူမက နတ်တမျှ လျင်မြန်လွန်းတာကိုတော့ သိလိုက်ပါဘုရား”

ဆက်လက်ဖော်ပြပါမည်။

သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၅)ကြိမ်မြောက် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ သမိုင်းဝင်ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှကြီးမှူး၍ (၅)ကြိမ်မြောက် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာလ ၂၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာလ ၂၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၅ နာရီတွင် စေတီတော် ပထမပစ္စယာ၊ ဒုတိယပစ္စယာ၊ တတိယပစ္စယာနှင့်ပန်းတင်ခုံများရှိစေတီတော်များ၊ ပရိဝုဏ်အတွင်းရှိ အရံစေတီများ၊ မတ်ရပ်ရုပ်ပွားတော်များ၊ လျောင်းတော်မူရုပ်ပွားတော်များ၊ ထိုင်တော်မူရုပ်ပွားတော်များအပြင် သာသနာ့ဇောတိကခမ္မာရုံအတွင်း ရှိရုပ်ပွားတော်များနှင့် မဟာဗောဓိညောင်ပင်ရှိ ရုပ်ပွားတော်များကိုလည်း ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်မည်ဖြစ်သည်။

နံနက် ၇ နာရီတွင် သာမညဖလအခါတော်နေ့ အခမ်းအနားပြုလုပ်ပြီး ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား ဘဏ္ဍာထိန်းဂေါပကအဖွဲ့နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပြီး အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဆက်ကပ်လှူဒါန်းမည့် အလျား ၆ ကိုက်ခွဲ x အနံ ၅ ကိုက်ခွဲရှိ သင်္ကန်းများအား ရွှေကြာပန်းများ ရက်ဖောက်လျက်ရှိပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ကပ်လှူမည့် ရွှေကြာသင်္ကန်းများကို ပင်မအလှူရှင်များကိုယ်တိုင် လာရောက် ကပ်လှူ ပူဇော်နိုင်ကြောင်း သိရသည်။

ဝန်းရံခ

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ



ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ပုဇွန်တောင်ဈေး၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးလောင်မှုများမဖြစ်ပွားစေရန် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဦးစိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပုဇွန်တောင်ဈေးတာဝန်ခံ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ပုဇွန်တောင်ဈေးအတွင်း မီးသတ်ရေလောင်းကန်၊ မီးသတ်ပိုက်များနှင့် မီးသတ်ဆေးဘူးများစစ်ဆေးခြင်းများကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းဌေး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဈေးသူဈေးသားများအား မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဂက်စ်မီးဖို့မီး သတ်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံများ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံတို့ကို သရုပ်ပြပြီး ဈေးသူဈေးသားများအား လက်တွေ့ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)

ပင်လောင်းမြို့နယ်၌ မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်

ပင်လောင်း နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မက္ကဒေးမီးယားစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသင်တန်းကို ယနေ့တွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်တင်မိုးတို့က အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ (နေပြည်တော်) ဦးစီးအရာရှိ ဦးတင်ထွန်းနိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက မက္ကဒေးမီးယားစိုက်ပျိုးခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား စိုက်ပျိုးရေးတောင်သူ ၃၆ ဦးတက်ရောက်ပြီး သင်တန်းတွင် နည်းပြဆရာများက မက္ကဒေးမီးယား မျိုးရွေးချယ်ခြင်း၊ စိုက်ပျိုးမှု နည်းစနစ်များ၊ မြေအမျိုးအစားနှင့် ရာသီဥတုရွေးချယ်စိုက်ပျိုးခြင်း၊ အသီးအထွက်တိုးရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အသီးကောက်ယူစုဆောင်းခြင်းလုပ်ငန်းများနှင့် ပြုစုထိန်းသိမ်း နည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏာသီရိမြို့နယ်၊ ဇမ္မူသီရိမြို့နယ်နှင့်ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့အစည်းအဝေးသို့လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒကွိဏာသီရိမြို့နယ်၊ ဇမ္မူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို စိတ်ပါဝင်စားစွာလာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ၂၀၂၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာသည့်အခြေအနေများ၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နိုင်ငံအကျယ်အဝန်း၊ တိုင်းရင်းသားလူမျိုးစုများနှင့်လူဦးရေအပေါ်မူတည်၍ လွှတ်တော်နှစ်ရပ်စနစ် (Bicameral) စနစ် ကျင့်သုံးမှုအခြေအနေများ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်က အသစ်ပြဋ္ဌာန်းပေးသည့် ဥပဒေများ၊ ပြည်သူ့ဆန္ဒများကို ကိုယ်စားပြုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်အတွင်း မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းဆောင်ရွက်ခြင်းနှင့် ပြည်သူ့အသံများကို လွှတ်တော်မှ တစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနေသည့်အခြေအနေများ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများဖွဲ့စည်းမှု အခြေအနေများ၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများအားကိုးအားထားပြုရာမဏ္ဍိုင်တစ်ရပ်ဖြစ်စေရန်အတွက် လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူကို ဗဟိုပြုသည့် ခေတ်မီလွှတ်တော်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်မဟာဗျူဟာစီမံကိန်း (၂၀၂၇-၂၀၃၁) (၅)နှစ်စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပြီး **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့် ချက်လွှတ်တော်ကဖော်ဆောင်ရွက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

မလေးရှားနိုင်ငံသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အလုပ်သဘောခရီးစဉ်သွားရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Dato' Sri Ramanan Ramakrishnan ၏ ဖိတ်ကြားချက်အရ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ၁၂ ရက်တွင် မလေးရှားနိုင်ငံသို့ရောက်ရှိပြီး မလေးရှားနိုင်ငံ ဆလန်ဂေါပြည်နယ် ဘန်ဂီမြို့ရှိလုံခြုံရေးဆိုင်ရာစာရွက်စာတမ်းများပုံနှိပ်ထုတ်ပေးခြင်းဆောင်ရွက်လျက်ရှိသည့် Percetakan Kesematan Nisonal (PKN) Bangi ကုမ္ပဏီနှင့် ဆလန်ဂေါပြည်နယ် ရှားအာလမ်မြို့ရှိ နိုင်ငံတကာအသိအမှတ်ပြုလိုင်စင်ရရှိထားသော (Tier IV) အဆင့်ရှိ Data Center လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် Heitech Bardu Barhad ကုမ္ပဏီတို့ကို သွားရောက်လေ့လာခဲ့သည်။

နိုဝင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် Seaview Hectare Sdn Bhd ကုမ္ပဏီ၏ မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (C of I) ထုတ်ပေးနေမှုကို လေ့လာကြည့်ရှုပြီး မွန်းလွဲပိုင်းတွင် ပူထရာဂျာယာမြို့ရှိ လူ မှု ဖူ လုံ ရေး ရုံး (PERKESO) အစည်းအဝေးခန်းမ၌ မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H.E. Dato' Sri Ramanan Ramakrishnan နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားနှင့် မိသားစုဝင်ဦးရေမှတ်တမ်းအရ ၁၆၀၀၀၀ ကျော်နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ၎င်းတို့၏ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် အကာအကွယ်ရရှိရေး၊ လူမှုဖူလုံရေးနှင့်စောင့်ရှောက်မှုများပိုမိုကောင်းမွန်လာစေရေးတို့အတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ အလုပ်သမားများ တရားဝင်လမ်းကြောင်းမှတစ်ဆင့် စနစ်တကျလာရောက်လုပ်ကိုင်ရန်၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်သွားရန်၊ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များချောမွေ့စေရန် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ (MoU) ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေး ဆွေးနွေးလိုကြောင်း၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးခြင်းဖြင့်အထောက်အထားပြည့်စုံသော တရားဝင်ရွှေ့ပြောင်းလုပ်သားများအဖြစ်သို့ မှတ်ပုံတင်ကူးပြောင်းနိုင်ရေးအတွက်မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ပူးပေါင်း၍ ပြန်လည်ဆောင်ရွက်နိုင်ရေးနည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

နိုဝင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆလန်ဂေါပြည်နယ် ဘန်ဂီမြို့ရှိ မြန်မာအလုပ်သမား ၄၂၅ ဦးခန့် အလုပ်လုပ်ကိုင်နေကြသော SONY EMCS (Malaysia) Sdn. Bhd. စက်ရုံ၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားသားအလုပ်သမားစီမံခန့်ခွဲမှုစနစ် (FWCMS) ဆောင်ရွက်လျက်ရှိသည့် Bestinet Sdn Bhd Co.,Ltd. ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး မလေးရှားနိုင်ငံတွင် တရားမဝင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအား တရားဝင်အထောက်အထားထုတ်ပေးနိုင်ရေး ဆွေးနွေးမှုအခြေအနေ၊ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှတစ်ဆင့် လွှဲပို့နိုင်ရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေနှင့် FWCMS စနစ်တွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီအရေအတွက် တိုးမြှင့်ပေးနိုင်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ MARCHANTRADE Sdn. Bhd.



သို့သွားရောက်ပြီး မလေးရှားအလုပ်ရှင်များက ရွှေ့ပြောင်းအလုပ်သမားများ၏လစာကို ၎င်းတို့ကုမ္ပဏီ၏ Digital Wallet မှတစ်ဆင့် လစာပေးချေနိုင်ရေး ဝန်ဆောင်မှု၊ ငွေလွှဲဝန်ဆောင်မှု၊ ဈေးကွက်အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာ၍ Ria Money Transfer Sdn Bhd မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှု၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် Ria Wallet နှင့် Prepaid Card များစီစဉ်ပေးထားမှုနှင့် မြန်မာအလုပ်သမား၏ငွေလွှဲပို့မှုနှုန်းထားစသည်တို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

နိုဝင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ IBH Investment Bank Limited သို့သွားရောက်ပြီး ကုမ္ပဏီများပူးပေါင်းခြင်းနှင့်ဝယ်ယူခြင်း (M&A)၊ အရင်းအနှီးရှာဖွေပေးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း (Corporate Finance & Advisory)၊ နိုင်ငံတကာမှ ငွေကြေးချမ်းသာသူများ (High-Net-Worth Individuals) နှင့် အဖွဲ့အစည်းများ၏ ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများ (Funds) တည်ထောင်ပေးခြင်း (Asset & Wealth Management)နှင့် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုနှင့်စီမံကိန်းများအတွက် ချေးငွေနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများပေးအပ်ခြင်း (Cross-Border Financing) ဝန်ဆောင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကာ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မလေးရှားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာအလုပ်ယမားများကို မလေးရှားနိုင်ငံသို့ တရားဝင်လမ်းကြောင်းမှသာ စေလွှတ်နိုင်ရေးနှင့် အထောက်အထားမဲ့မြန်မာနိုင်ငံသားများအား မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (CI) ထုတ်ပေးနိုင်ရေး အပါအဝင် မလေးရှားနိုင်ငံမှ အလုပ်ရှင်များကို မြန်မာနိုင်ငံမှ တရားမဝင် ဝင်ရောက်လာသော အထောက်အထားမဲ့ အလုပ်သမားများအား လက်ခံခန့်အပ်ခြင်းမရှိစေရေးအလေးထားစိစစ်ကြပ်မတ်ပေးရန်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့ပြင် မလေးရှားနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားအများစု၏ လုပ်ငန်းခွင်အခြေအနေ၊ အလုပ်ယမားများအသုံးပြုလျက်ရှိသည့် တရားဝင်ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများနှင့် တရားမဝင်ငွေလွှဲလမ်းကြောင်းများ၏ အခြေအနေများကို လေ့လာခဲ့ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရေး၊ ၎င်းတို့၏ မိသားစုများထံ လုံခြုံစိတ်ချရသည့် တရားဝင်လမ်းကြောင်းများမှတစ်ဆင့် ငွေလွှဲပို့နိုင်ရေးနှင့် ပြည်တွင်းသို့ နိုင်ငံခြားဝင်ငွေ တရားဝင်စီးဆင်းမှုကို အထောက်အကူပြုနိုင်ရေးအတွက် အရေးပါသည့်အလုပ်ယဘောခရီးစဉ်တစ်ရပ် ဖြစ်ခဲ့ကြောင်းသိရသည်။

မြဝတီ

➡ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုလွှတ်တော်ဒုတိယထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့် သဝဏ်လွှာပါအချက် ၄၃ ချက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ပြည်ထောင်စုဖြိမ်းချမ်းရေးညီလာခံတွင်သဘောတူချုပ်ဆိုထားသည့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃) တို့ကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း ပေးပို့ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သည့် အနေဖြင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း(၁)၊(၂)၊(၃)တွင်ပါသည့် အချက်အလက်များနှင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီအစုအဖွဲ့များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် ရခြင်းဖြစ်သော်လည်း မိမိတို့ တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် NCA အရ Union Accord အထိကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသဘောတူထားသည့် Resources အခြေခံအရင်းအမြစ်များရှိထားပြီးဖြစ်သည့် Union Accord အစိတ်အပိုင်း (၁)၊ (၂)၊ (၃) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် အချက် ၄၃ ချက်တို့ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ကို တတိယအကြိမ် ပြင်ဆင်ရန် ထူးခြားသည့်အချက်ပင်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆောင်ရွက်ကြရာတွင် ပြင်ဆင်/ဖြည့်စွက်ဆွေးနွေးရမည့်အချက်များသည် ခိုင်ခိုင်မာမာရှိပြီးဖြစ်သည့် အချက်များအပေါ်ဆွေးနွေးပြီး ရလဒ်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ယခုလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂ ပါအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေမူကြမ်း တစ်ခုလိုအပ်ပါကြောင်း၊ ထို့အတွက်အခြေခံအချက် ၄၃ ချက်ရှိပြီးဖြစ်သည့်အတွက် အခြေခံကောင်းများကို မူတည်ပြီး ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပူးပေါင်းကော်မတီကိုဖွဲ့စည်းတာဝန်ပေးအပ်ရခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး အုပ်ချုပ်ရေးစနစ်၊ နိုင်ငံသားအခွင့်အရေးနှင့် အာဏာခွဲဝေမှုတို့ကို ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံ၏ အသက်သွေးကြောအဖြစ် ရှုမြင်ကြပါကြောင်း၊ သို့သော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးနှင့် ဥပဒေရေးရာနယ်ပယ်များတွင် ရှုထောင့်အမျိုးမျိုးနှင့်ဆွေးနွေးငြင်းခုံလေ့ရှိကြသည်ကိုတွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းပြီး ဒို့တာဝန်အရေးသုံးပါးကိုထိခိုက်စေမှုမရှိအောင် အလေးအနက်ထားသုံးသပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက်ဒုတိယနာယက Jeng Phang နော်တောင်က ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အမျိုးသားရေးရာ၊ ဒေသဆိုင်ရာ၊ ပြည်သူ့ကိုယ်စားလှယ်များ စုံညီစွာဖွဲ့စည်းထားသည့် ပူးပေါင်းကော်မတီအနေဖြင့်သဘောထားကွဲလွဲမှုများရှိလာပါက နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကိုရှေးရှုကာ အပြန်အလှန် လေးစားယုံကြည်မှုဖြင့်ညှိနှိုင်းဆွေးနွေးကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေများကိုလည်း ကြိုတင်လေ့လာထားကြရန် နှင့် ကော်မတီ၏ ကြိုးပမ်းမှုများမှ တစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အတွက် အားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)ရှိအစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဟော်မုန်းပညာရှင်များအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင်မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေများကို လေ့လာခြင်းသုတေသန STEPS Survey (၂၀၂၄) အရ ဆီးချိုသွေးချိုရောဂါရှိသူ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆီးချိုသွေးချိုကနဦး အဆင့်ဖြစ်ပွားနေသူ ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီသေဆုံးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Early Action on Diabetes" ဖြစ်ပြီး ဆီးချိုသွေးချိုရောဂါကို စောစီးစွာသိရှိစစ်ဆေးပြီး အချိန်မီထိန်းချုပ်ကုသနိုင်ရန်ရည်ရွယ်၍ "ဆီးချိုသွေးချိုရောဂါဘေး စောစောရှာဖွေကုသပေး" ဟု မြန်မာပြန်ဆိုထားကြောင်း၊ ဆီးချိုသွေးချိုရောဂါသည် ရောဂါလက္ခဏာများ ထင်ရှားစွာမပြဘဲ တိတ်တဆိတ်ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်သည့်အတွက် အချိန်မီမစစ်ဆေးလျှင် ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် မျက်စိကွယ်ခြင်းတို့အပြင် ပြင်းထန်သည့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများကို ရင်ဆိုင်ရနိုင်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုသွေးချိုရောဂါများ အပါအဝင် အခြားမကူးစက်နိုင်သော ရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၃-၂၀၂၇) ကိုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် မကူးစက်နိုင်သောရောဂါများကို စစ်ဆေးကုသပေးသည့် ဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှုအတွက် လိုအပ်သည့်အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများကိုလည်း နိုင်ငံတော်မှ ကျပ်သန်းပေါင်းများစွာ အကုန်အကျခံဝယ်ယူ၍ ပြည်သူများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထိရောက်သည့် စစ်ဆေးကုသမှုများပေးရန်အတွက် အခြေခံကျန်းမာရေး ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်း၊ ပြည်သူ့ဆေးရုံများတွင် အထူးကုဆရာဝန်ကြီးများဦးဆောင်၍ စဉ်ဆက်မပြတ် အစဉ်တစိုက် လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ မှတ်တမ်းဗီဒီယိုနှင့် ခင်းကျင်းပြသထားသောပြခန်းငယ်များကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**



မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား
မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊
ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ဇီ၊ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးရွာချင်းဆက်လမ်းများ ကျောက်ချောလမ်းဆောင်ရွက်ပေးနိုင်ရေး၊ အမျိုးသမီးများ၏ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပြင်းထန်အယ်လ်နီညို ရာသီဥတုဘေး ကြိုတင်ကာကွယ်ရေး၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများတွင် ဝန်ထမ်း၊ ဆေးပစ္စည်းဖြည့်တင်းပေးနိုင်ရေး၊ ဓာတ်အား ခွဲရုံအသစ်တည်ဆောက်ပေးရေး၊ လယ်ယာ၊ စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းလုပ်ငန်းများအတွက် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာ–နောင်ဘိုအိုး– ကံကြီးကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာ –နောင်ဘိုအိုး–ကံကြီးကျေးရွာချင်းဆက်လမ်းသည် အရှည် (၂) မိုင် ၆ ဒသမ ၆၂ ဖာလုံ အမာခံလမ်းအား ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် (၂) မိုင်အား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေတွင်လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ကျန်အပိုင်းများ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေတွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ကြီးမဲဆန္ဒနယ်မှ နန်းကျင်း(ခ)နန်းစိန်၏ **အမျိုးသမီးထု၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်**



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကျင်းပစဉ်။

ရေးအတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများချမှတ်ထားရှိမှုနှင့် (IDP) စခန်းများရှိ အမျိုးသမီးများ၏လုံခြုံရေးအတွက် အရေးပေါ်စီမံကိန်းများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က အမျိုးသမီးရေးရာဝန်ကြီးဌာနသည် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများနှင့် ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အမျိုးသမီးငယ်ရွယ်များအတွက် သင်တန်းကျောင်း (၈)ကျောင်းတွင် လက်ခံစောင့်ရှောက်ထားပြီး အတန်းပညာဆက်လက်သင်ယူစေခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ပြင်ပအလုပ်အကိုင်ရှာဖွေပေးခြင်း၊ လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေတွင်ပါဝင်သည့် “သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအား ဦးစားပေးကူညီစောင့်ရှောက်ရမည်၊ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာထိခိုက်စေမည့်ပြုမူဆောင်ရွက်မှုမျိုးမဖြစ်စေရန်ရှောင်ကြဉ်ရမည်” ဟူသော အချက်နှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိရာ IDP Camps ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက်အိုးအိမ်စည်းစိမ်ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၏ **ကျိုင်းတုံမြို့နယ်၊ လွယ်မွေဒေသရှိကျေးရွာပေါင်း (၁၉)ရွာတွင် စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေးအတွက် နောင်လျှန်လျှိုပိတ်တမံတည်ဆောက်ပေးရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျိုင်းတုံ နောင်လျှန်လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အကြိုပြင်ဆင်ခြင်းနှင့် လုပ်ငန်းတွင်အသုံးပြုမည့် စက်ယန္တရားများကြံ့ခိုင်ရေး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တမံတည်ဆောက်နိုင်ရန်အတွက် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်၍ ရန်ပုံငွေရရှိပါက လုပ်ငန်းများစတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေးခရိုင် ပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်ပြည်သူ့အားကစားကွင်းအတွင်းရှိ အထူးတန်းပွဲကြည့်စင်ပြုပြင်ခြင်းလုပ်ငန်းနှင့် မိုးလုံလေလုံအားကစားခန်းမပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထား တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သင့်လျော်သောဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ်၊ ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊ စားရိပ်သာနှင့် အိမ်သာတို့အား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ပြည်သူ့အားကစားကွင်းအား တိုးချဲ့ပွဲကြည့်စင်(၂)ခုဆောက်လုပ်ခြင်းနှင့်(၆)ခန်းတွဲသန့်စင်ခန်း(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

တိုးချဲ့စားရိပ်သာဆောက်လုပ်ရန်မှာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများအား ခရိုင်အဆင့် အားကစားကွင်းများတွင်သာ ပြုလုပ်လျက်ရှိပြီး ကော့မှူးမြို့နယ် အားကစားကွင်းသည် မြို့နယ်အဆင့် အားကစားကွင်းဖြစ်သည့်အတွက် စားရိပ်သာတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **ပြင်းထန်အယ်လ်နီညို ဖြစ်ပေါ်နေသည့် ကာလအတွင်း ရာသီဥတုဆိုးရွားမှုဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေးစီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြုပါဝင်ဆောင်ရွက်နိုင်ရေးအသိပေးကြော်ငြာထုတ်ပြန်မည့်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညိုဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အမြဲမပြတ် စောင့်ကြည့်လေ့လာ၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အယ်လ်နီညို ဖြစ်စဉ်၏သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အစွန်းရောက်အပူလှိုင်းများဖြစ်ပေါ်နိုင်ခြေရှိကြောင်း ကြိုတင်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအရေးပေါ် အခြေအနေများတွင် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်များ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ ကွင်းဆင်းအဖွဲ့များ (၁,၅၆၂)ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

သက်ဆိုင်ရာနိုးနွဲ့ယဉ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း၍ အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်ရွေးချယ်လျာထားခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များပေးအပ်ခြင်းနှင့် လျာထားသည့်နေရာများသို့ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုသရေးဦးစီးဌာန အနေဖြင့် ပြည်သူ့ဆေးရုံများတွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားတတ်သောရောဂါများဖြင့် လာရောက်ပြသသောလူနာများအား စနစ်တကျ လက်ခံကုသပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ လုံလောက်၍ ဘေးကင်းသောရေအရင်းအမြစ်နှင့် အရေးပေါ်လျှပ်စစ်မီးရရှိနိုင်ရေး၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်း supply chain ပြတ်တောက်မှုမရှိစေရန်နှင့် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသောသောက်ရေနှင့်လုံလောက်သော သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် ဒေသအလိုက်မြေပေါ်ရေ၊ မြေအောက်ရေအရင်းအမြစ်ရရှိမှုများအပေါ်မူတည်၍ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရန်၊ ဓာတ်လေ့ကားနှင့် Oxygen Plant တို့အား အမြန်ပြုပြင်လဲလှယ်ပေးရန် အစီအစဉ်ရှိ၊မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ခုတင်(၃၀၀) ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောအထူးကုဆရာဝန် (နား၊နှာခေါင်း၊လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်)၊ အထူးကုဆရာဝန် (စိတ်ကျန်းမာ)၊ အထူးကုဆရာဝန် (အရေပြား)၊ အထူးကုဆရာဝန် (ကင်ဆာရောဂါ)၊ အထူးကုဆရာဝန် (မှုခင်း) တို့အား ခန့်ထားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှင့်သူနာပြုဦးရေအချိုးအရ လက်ရှိအခြေအနေတွင် လူနာများအား လုံလောက်စွာကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ပါကြောင်း၊ သစ်လွင်သူနာပြုများခန့်ထားချိန်တွင် လုပ်ငန်းလိုအပ်ချက်နှင့်ခွဲတမ်းရရှိနိုင်မှုအပေါ် မူတည်၍ ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့ခုတင်(၃၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးရှိ Oxygen Plant (NZO-30)နှင့်ဓာတ်လေ့ကား (Toco)တို့အား ပြင်ဆင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ပြုပြင်ပေးရန်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှဦးသိန်းရီ၏ **ထန်းတပင်မြို့နယ်၊ မရွေ့ကျေးရွာအနီးတွင်မြေနှင့်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦလှူဒါန်းမည်ဖြစ်ပါသဖြင့် ခွင့်ပြုမိန့်ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့်ပစ္စည်းအင်အား ကာကွယ်စောင့်ရှောက်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများ ဆောက်လုပ်လှူဒါန်းရာတွင် ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိပြီးမှသာ ဆောက်လုပ်လှူဒါန်းခွင့် ပြုပါကြောင်း၊ **စာမျက်နှာ ၈ သို့ ●**

● စာမျက်နှာ ၇ မှ

မရွှေဥကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပန်းတိုင်ကျေးလက်ကျန်းမာရေးဌာန၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအပိုင်တွင်တည်ရှိပြီး ရန်ကုန်/ပုသိမ် ကားလမ်းမကြီးဘေးတွင် တည်ရှိပါကြောင်း၊ မရွှေဥကျေးရွာနှင့် အနီးကျေးရွာမှာ ချော်နဲကုန်းကျေးရွာဖြစ်ပြီး မရွှေဥကျေးရွာတွင် လူဦးရေ စုစုပေါင်း ၁၄၀၇ ဦးနှင့် ချော်နဲကုန်းကျေးရွာ၏ လူဦးရေမှာ ၁၉၆ ဦးရှိပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မရွှေဥကျေးရွာသည် ၁ ဒသမ ၅ မိုင်ခန့် ကွာဝေးပြီး နွေ၊ မိုး၊ ဆောင်းသွားလာနိုင်သော ကွန်ကရစ်လမ်းရှိပြီး ကား၊ ဆိုင်ကယ်တို့ဖြင့်သွားလျှင် (၁၀)မိနစ်ခန့်သာကြာမြင့်ပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ကျေးရွာ (၈)ရွာရှိပြီး လူဦးရေ ၅၀၉၆ ဦး အား သားဖွားဆရာမ (၁) ဦးနှင့် ကျန်းမာရေးမှူး(၄) (၁)ဦး စုစုပေါင်း (၂)ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

မရွှေဥကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပါက အများဆုံး လာရောက်ပြသမည့် ကျေးရွာများမှာ မရွှေဥကျေးရွာနှင့် ချော်နဲကုန်းကျေးရွာ (၂)ရွာသာရှိပြီး လူဦးရေအားဖြင့် ၁၆၀၃ ဦးသာရှိပါကြောင်း၊ မြေပြင်အခြေအနေပေါ် သုံးသပ်ချက်အရ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ရန်အတွက် လိုအပ်ချက်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံအသစ်တစ်လုံးအား မည်သည့် ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီး အစိုးရရန်ပုံငွေတို့ဖြင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းအသစ်များ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း၊ မီတာများဝယ်ယူခြင်း၊ Advanced Metering Infrastructure စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေးဆွဲထားသည့်အစီအမံများနှင့်အညီ ခွဲဝေခွင့်ပြုရရှိမည့် ရန်ပုံငွေအပေါ်မူတည်၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြောက်ဥက္ကလာပမြို့နယ်၌ ဖြန့်ဖြူးရေးခွဲရုံ (၈) ရုံ တည်ဆောက်ခွင့်ရရှိထားပြီး ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလတွင် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ်၊ ပြည်တောင်တန်းရေနံမြေ–ကွေ့မအုပ်စု ဆိပ်ကမ်းလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြည်တောင်တန်းရေနံမြေစခန်း အမှတ်(၂) နှင့် ကွေ့မသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်းအရှည် ၇ မိုင်ကို အကျယ်(၁၅)ပေ၊ (၁)ပေ ထူရိုကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်မည်ဆိုပါက ဒေသပေါက်ဈေးနှုန်းများဖြင့် တွက်ချက်မှုအရ ခန့်မှန်းငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး အဆိုပါရေနံမြေသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူ ဆောင်ရွက်နေသည့် ရေနံမြေဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဖြစ်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရန် အလေးထားဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရေး ဆောင်ရွက်နေရသောလုပ်ငန်းအနေဖြင့် ဌာန၏လုပ်ငန်းများအတွက် အခါအားလျော်စွာသာအသုံးပြုနေရသည့်လမ်းအား အဆင့်မြှင့်တင်နိုင်ရေး ရန်ပုံငွေလျာထားတောင်းခံရန် ခက်ခဲပါသဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လက်ရှိ မြေသားလမ်းထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်သောနေရာများအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို နယ်မြေခံပြည်သူများနှင့် ပူးပေါင်းပြီး အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၏ **မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းစက်လှေများအတွက် စက်သုံးဆီကို တစ်မြို့နယ်လျှင်တစ်ဆိုင်သီးသန့်ရောင်းချပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက မွန်ပြည်နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များသည် စက်သုံးဆီရောင်းချမှုအား QR Code/Bar Code စနစ်ဖြင့်လည်းကောင်း၊ QR Code/Bar Code စနစ်ဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့် ထွန်စက်၊ ထော်လာဂျီစသည်တို့အတွက် စာရင်းမှတ်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ စက်သုံးဆီလိုအပ်သောလုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် အချက်အလက်အထောက်အထားများဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလာပါက သက်ဆိုင်ရာဌာနများမှ စနစ်တကျစိစစ်စေပြီး လုပ်ငန်းအမျိုးအစားအလိုက် အမှန်တကယ်လိုအပ်သော စက်သုံးဆီပမာဏကို လုံလောက်စွာ ခွင့်ပြုရောင်းချပေးလျက်ရှိပါကြောင်း။

လယ်ယာကဏ္ဍဖြစ်သည့် မိုးစပါးရိတ်သိမ်းခြွေလှေခြင်းလုပ်ငန်းများအတွက် တောင်သူများအနေဖြင့် မိမိတို့၏လယ်ယာမြေများနှင့် အနီးဆုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ရေး မွန်ပြည်နယ်အတွင်းရှိမြို့နယ် (၁၀)မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၁၉ ဆိုင်ကို မိုးစပါးရိတ်သိမ်းခြွေလှေခြင်းလုပ်ငန်းများအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် ပထမအကြိမ် စက်သုံးဆီ ဂါလန် ၃ သိန်း ၆ သောင်းကျော်ကို ရောင်းချနိုင်ရေး ခွဲဝေချထားပြီး ဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍအပြင် စက်ရုံ၊ အလုပ်ရုံများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများအတွက်လည်း မြို့နယ်(၂၁)မြို့နယ်မှ စက်သုံးဆီအရောင်းဆိုင် (၄၂)ဆိုင်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် စက်သုံးဆီ ၃၀၃၉၅၇ ဂါလန်ခွဲဝေချထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍအသုံးပြုရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် စက်သုံးဆီများ လျှောက်ထားလာပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်)၏ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လက်ကျန်အခြေအနေအပေါ် မူတည်ပြီး ရောင်းချပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှားမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **စိုင်းရှားမြို့ရှိ နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအတွက် RC(၄)ထပ် ဆောင် (၁)လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ရှမ်းပြည်နယ်၊ မိုင်းရှားမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကိုစိစစ်၍ နှစ်အလိုက်ရန်ပုံငွေလျာထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့တွင် အရာထမ်းအိမ်ရာ (၁)လုံးနှင့် အမှုထမ်းအိမ်ရာ (၂)လုံးတို့အား ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ရှမ်းပြည်နယ်၊ မက်မန်းမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် နှစ်အလိုက် ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ ပြည်နယ်အတွင်း မြို့အလိုက် အိမ်ရာအခက်အခဲရှိသော ဝန်ထမ်းအိမ်ရာများကို လျာထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံခရိုင်အတွင်း ရန်ကုန်–ပြည်–မန္တလေးလမ်းပိုင်းများအား စာချုပ်ပါအတိုင်း မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ပျက်စီးနေသည့်လမ်းပိုင်းများအား အမြန်ဆုံးပြုပြင်နိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်အတွင်း BOT စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော ရန်ကုန် – ပြည် – မကွေး – မန္တလေး လမ်းပိုင်းအား လမ်းသားချောမွေ့ကောင်းမွန်စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား နှစ်စဉ်စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပြီး စီမံချက်များအတိုင်း ပြီးစီးအောင် လမ်းဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်က အနီးကပ်ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး (၃)မိုင်အား အဆင့်မြှင့်တင်ပေးရန်နှင့် လမ်းပခုံးသားများပြုပြင်ခွဲ၊ ထွင်ပေးပါရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ရှိပြည်ထောင်စုလမ်းမကြီး (၃)မိုင်သည် မိတ္ထိလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် လမ်း၏မိုင်တိုင်(၂၆၂/၆)မှ (၂၆၅/၆) အထိ ၃ မိုင်အရှည်ရှိသည့် လမ်းအပိုင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်၍ လက်ရှိလမ်းအခြေအနေမှာ (၁၈) ပေအကျယ် ကတ္တရာလမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် (၁၈) ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ ဒသမ ၆ ဖာလုံ၊ (၂၄) ပေ အကျယ် ကတ္တရာလမ်းခွဲခင်းခြင်း ၁ ဖာလုံနှင့် ကျောက်စီရေမြောင်း တည်ဆောက်ခြင်း ၅၅၈ ပေ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၂၄)ပေအကျယ် ကတ္တရာလမ်းခွဲခြင်း ၇ ဖာလုံဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ကျန်ရှိသည့် လမ်းပိုင်းအား (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့်မှ (၂၄) ပေ အကျယ် ကတ္တရာလမ်းခွဲခြင်းခြင်းနှင့် အမာခံလမ်းပခုံးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်(ဖြည့်စွက်) ရန်ပုံငွေမှစတင်၍ နှစ်အလိုက် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အချိန်ကပ်ပြီး ထပ်မံရောက်ရှိလာသည့် မေးမြန်းရန်ကျန် ကြယ်ပွင့်ပြမေးခွန်း (၃၂)ခုနှင့် ဖြေဆိုရန်ပေးပို့ထားဆဲ ကြယ်ပွင့်ပြမေးခွန်း(၆၆)ခု ကျန်ရှိနေပါကြောင်း၊ အဆိုပါမေးခွန်းများကို တတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဦးစားပေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် တတိယအကြိမ်ပြည်သူ့လွှတ်တော်၏တတိယပုံမှန်အစည်းအဝေးကို ၂၉ ရက်ကျင်းပခဲ့ပါကြောင်း၊ လွှတ်တော်၏အဓိကတာဝန်တစ်ရပ်ဖြစ်သည့် ဥပဒေပြုရေးလုပ်ငန်း ဆောင်ရွက်ချက်များအနေဖြင့် တတိယပုံမှန်အစည်းအဝေး ကာလအတွင်း ဥပဒေကြမ်း(၄)ခု အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေဖြင့် မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းခဲ့ကြောင်း၊ နည်းဥပဒေများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး နည်းဥပဒေ(၃)ခုကို လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းထားသည့် ကော်မတီ (၂၂) ရပ်၏ ဆောင်ရွက်ချက်များ အနေဖြင့် စိစစ်ရန် ခွဲဝေပေးထားသည့် တည်ဆဲဥပဒေများကို စိစစ်သုံးသပ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇၈) ကြိမ်၊ ပြင်ပဓနည့်သည်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (၉၆) ကြိမ်၊ သီခြားအလုပ်ရုံဆွေးနွေးပွဲ (၁၉) ကြိမ်နှင့် Seminar (၁၃) ကြိမ်ကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်အစည်းအဝေးကာလ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၂၈၇) ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၅၃) ခုကို ကိုယ်စားလှယ် (၂၂၃) ဦးက မေးမြန်းခဲ့ကြပြီး အဆို (၉) ခုကိုလည်း တင်သွင်းခဲ့ကြပါကြောင်း။

ကြယ်ပွင့်ပြမေးခွန်းပေါင်း (၂၈၇) ခုတွင် ကတိကဝတ်အဖြစ် (၁၅၂) ခု၊ ကတိမဖြစ် (၁၂၀) ရှိခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၅၃) ခုတွင် ကတိကဝတ်အဖြစ် (၁၅၁) ခု၊ ကတိမဖြစ် (၇၄) ခုရှိခဲ့ပါကြောင်း၊ ဆွေးနွေးပြီးခဲ့သည့် အဆို(၇)ခုတွင် အတည်ပြု (၁) ခုနှင့် မှတ်တမ်းတင်စောင့်ကြည့် (၆) ခုတို့ ဖြစ်ပါကြောင်း။

သက်တမ်းအားဖြင့် တိုတောင်းသေးသည့် မိမိတို့လွှတ်တော်အကြောင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် မျက်မြင်ဖြစ်စေရန်ရည်ရွယ်ပြီး ပထမအဆင့်အနေဖြင့် လွှတ်တော်လေ့လာရေးခရီးစဉ်များ ဖိတ်ခေါ်ပြီး ပြည်သူနှင့်နီးစပ်စွာထိတွေ့ရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ လာရောက်လေ့လာသူများကို တာဝန်ရှိသူတို့က မြေပြင်တွင် လိုက်လံရှင်းလင်းပြသခြင်း၊ ဥက္ကဋ္ဌက သီခြားတွေ့ဆုံပြီး လွှတ်တော်၏အခန်းကဏ္ဍ၊ စုဖွဲ့မှု၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောဆိုခြင်း၊ သိလိုသည်များကို မေးမြန်းဖြေကြားခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါကြောင်း။ **စာမျက်နှာ ၉ သို့●**

● စာမျက်နှာ ၈ မှ

ယခုကာလအတွင်း ကျောင်းသား/ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ ဝန်ထမ်းများ၊ အလွှာစုံက လူပုဂ္ဂိုလ်များအပါအဝင် လာရောက်လေ့လာသူပေါင်း (၁၂၆၅) ဦးရှိခဲ့ပြီး ပထမအကြိမ်ပုံမှန်အစည်းအဝေးကာလမှ ယနေ့အထိ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များအပါအဝင် လေ့လာသူ (၃၀၀၀)ကျော်ရှိခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လေ့လာရေးလာရောက်သူများ လွတ်တော်ဆောင်ရွက်ချက်များကို စိတ်ဝင်တစားရှိစေရန်အတွက် ဆောင်ရွက်ရသည့် သရုပ်ပြလွှတ်တော်ကို (၂) ကြိမ်တိုင် လက်တွေ့ပြသဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်၏လုပ်ငန်းစဉ်များကို မိဒီယာကတစ်ဆင့် ထိတွေ့သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် Website၊ Youtube Channel၊ Civic Echo Tik Tok Account တစ်ခုကိုပါ ဖွင့်လှစ်ထားရှိဆောင်ရွက်ခဲ့သည့်အတွက် ဝင်ရောက်ကြည့်ရှုသူများ တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာပြီး ပြည်သူနှင့်ထိတွေ့မှု၊ လွှတ်တော်ကို နားလည်မြင်တွေ့လာနိုင်မှုများလည်း ပိုမိုများပြားလာသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် သတင်း ထုတ်ပြန်ရေးအဖွဲ့က သတင်းဌာနများနှင့် နေ့စဉ် မနက်တိုင်း တွေ့ဆုံပြီး တစ်ရက်တာ လွှတ်တော်အစီအစဉ်နှင့် ယမန်နေ့က လွှတ်တော်အစည်းအဝေး၏ အမေး/အဖြေအတိုချုပ် ရှင်းလင်းခြင်းများကိုပါ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူကို အကူအညီပေးသည့် ကဏ္ဍအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီက တိုင်ကြားစာပေါင်း (၅၆၀)အနက် (၄၉၉) စောင်ကို ဖြေရှင်းပေးခဲ့ပြီး (၆၁) စောင်ကို သက်ဆိုင်ရာဌာနများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ သက်ဆိုင်ရာကော်မတီများကို အကူအညီတောင်းသည့် စာ (၁၃၈) စောင် ရောက်ရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် Online မှတစ်ဆင့် တိုင်ကြားစာပေးပို့နိုင်သည့် Online Petition System ကိုလည်း စတင်ဆောင်ရွက်ရန် စီမံနေပြီဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များကို အသိပညာမျှဝေသည့်အစီအစဉ်များ ယခုပုံမှန်အစည်းအဝေးကာလတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက "နိုင်ငံတော်၏လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ" ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီး ကိုယ်စားလှယ်များ အားလုံးကို မေးခွန်းများ၊ အဆိုများ ပိုမိုအားကောင်းလာစေရန်နှင့် ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ လွှတ်တော်ခွင့်ရင်းနှီးရေးအဖွဲ့ (၁၄) ဖွဲ့ကို နိုင်ငံ(၁၄) နိုင်ငံမှ လွှတ်တော်များနှင့် Parliamentary Friendship Group များ ဖွဲ့စည်းထားပြီဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံလွှတ်တော်အနေဖြင့် အလားတူအဖွဲ့ မျိုးဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း အကြောင်း ပြန်ကြားလာပါကြောင်း။

နောင်အနာဂတ် ကာလတွင် မိမိတို့လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူဗဟိုပြုခေတ်မီလွှတ်တော်တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ ယခုမျှော်မှန်းချက်အတွက် ပြည်သူ့လွှတ်တော်မဟာဗျူဟာစီမံကိန်း ၂၀၂၇-၂၀၃၁ ကို ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် မဟာဗျူဟာ (၆) ရပ် ချမှတ်ထားပြီး နည်းဗျူဟာ (၂၈)ခုနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ယနေ့အထိ ကြယ်ပွင့်ပြု၊ ကြယ်ပွင့်မပြေမေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း စသည်များကို လုံးဝမေးမြန်းဆောင်ရွက်ခြင်းမရှိသည့် ရွေးကောက်ခံကိုယ်စားလှယ် (၂၂) ဦး ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ မိမိတာဝန်နှင့် အခွင့်အရေးကို အမိအရ အသုံးချစေလိုကြောင်း ပြောကြားလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံအနှံ့အပြားက လွှတ်တော်များတွင် များသောအားဖြင့် လွှတ်တော်တစ်ရပ်၏အောင်မြင်မှုကို စံနှုန်း (၁၀) ခုဖြင့် တိုင်းတာသည်ဟု လေ့လာသိရှိရပါကြောင်း၊ ၎င်းတို့မှာ (၁) နိုင်ငံတော်နှင့် ပြည်သူအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်မှု၊ ပြင်ဆင်နိုင်မှု၊ အကောင်အထည်ဖော် နိုင်မှုနှင့် ပြန်လည်သုံးသပ်နိုင်မှု၊ (၂) နိုင်ငံတော်နှင့် ထိရောက်စွာပေါင်းစပ်ဆောင်ရွက်နိုင်မှု၊ (၃) ပြည်သူ့အသံ/ပြည်သူ့ဆန္ဒကို ထိရောက်စွာကိုယ်စားပြုနိုင်မှု၊ (၄) ဘဏ္ဍာရေးဆိုင်ရာစနစ်တကျစိစစ်စီမံခန့်ခွဲနိုင်မှု၊ (၅) လုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၆) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၇) ခေတ်မီစနစ်နှင့်ပွင့်လင်းမြင်သာမှု၊ (၈) ကိုယ်စားလှယ်များ၏စည်းကမ်းနှင့် ကျင့်ဝတ်ဆိုင်ရာလိုက်နာမှု၊ (၉) နိုင်ငံတကာဆက်ဆံရေးကျယ်ပြန့်မှုနှင့်စံနှုန်းများ၊ (၁၀) ပြည်သူယုံကြည်မှုနှင့် အကျိုးသက်ရောက်မှု စသည်တို့ပင်ဖြစ်ပါကြောင်း။

ယင်းအချက်များကို တိုင်းတာရမည့်ပေတံများအဖြစ် သတ်မှတ်ထားကြပြီး မိမိတို့အားလုံး တက်ညီလက်ညီဖြင့် ဆက်လက်ကြိုးစားဆောင်ရွက် သွားကြရဦးမည်ဆိုသည်မှာ ပကတိအမှန်တရားဖြစ်ပါကြောင်း။

လွှတ်တော်အား ခေတ္တရပ်နားချိန်တွင် မိမိမဲဆန္ဒနယ်မြေတိုင်းကို ကွင်းဆင်းသွားရောက်ပြီး မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကြရန်၊ ပြည်သူ့အသံကို နားထောင် ဆွေးနွေးခြင်းများ ဆောင်ရွက်ကြရန်၊ အကြောင်းအမျိုးမျိုးကြောင့် သွားလာရေးခက်ခဲပါက မီဒီယာနည်းလမ်းဖြင့် မဖြစ်မနေဖြန့်ကြက်ထိတွေ့ကြရန် အကြံပြုလိုပါကြောင်း၊ ပြည်သူက ခန့်အပ်တာဝန်ပေးထားသည့်ပုဂ္ဂိုလ်များပီပီ လွှတ်တော်အတွင်းမှာသာမက လွှတ်တော်ပြင်ပတွင် ကိုယ်စားလှယ်ကြီးများ၏ကျင့်ဝတ်စည်းကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

မြဝတီ

အင်းစိန်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် နိဝင်ဘာ ၁၆

ပြည်သူများအား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်သော အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်းစျေးနှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းယု ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ စခန်းမှူး ဒုတိယရဲမှူးစောတင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်



ထိုက်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဇော်မင်းထွန်း၊ အင်းစိန်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးစိုးဝင်းသန်း၊ အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးထက်ထက်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်လာပုံအကြောင်းအရာများ၊ အကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျန်းမာရေးကဏ္ဍများအပေါ် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ ပြည်သူများ လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဟောပြောသည်။

ယင်းနောက် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးကြောင်း သိရသည်။

နေကိုထိုက်

ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

လားရှိုး နိဝင်ဘာ ၁၆

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရှမ်း/မြောက်) ဇုန်တို့ ပူးပေါင်းဖွင့်လှစ်သော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုးဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ Golden Hill Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (လားရှိုးရုံး)ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ဦးက သင်တန်းဖွင့်လှစ်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရှမ်း/မြောက်) ဇုန် ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဟိုတယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိဝင်ဘာလ ၁၆ ရက်မှ ၂၅ ရက်အထိဖြစ်ကြောင်း သိရသည်။

(၆၀၈)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် နိဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်နေအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက် ရှေးဦးစွာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်နေအောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများ၏ သိရှိလိုသောမေးမြန်းမှုများကို အမှတ် (၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်နေအောင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုအနေဖြင့် မိဘအုပ်ထိန်းသူများ၏အပ်နှံမှုဖြင့် အသင်းရုံးရှိ မေတ္တာစံအိမ်ခန်းမ၌ မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှု ခံယူနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မူးယစ်ဆေးဖြတ်သင်တန်းသားများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် အသိဉာဏ်ပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေး ဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝန်းရံခ

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၀ ဦး တက်ရောက်သဖြင့် ထက်ဝက် ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်ဖိုးညွန့်၏ **သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေး(ဘက)ကျောင်းများ ရေရှည်တည်တံ့စေရန်နှင့်သင်ကြားရေးစွမ်းရည်မြင့်မားလာစေရန်အတွက် လစဉ်ဆရာ/ဆရာမ ထောက်ပံ့ငွေများကို လက်ရှိပညာရေးဝန်ထမ်းကျောင်းဆရာ၊ ဆရာမများ၏ လစာနှုန်းနှင့် ကိုက်ညီအောင် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စေတနာဝန်ထမ်းအဖြစ်သာ လုပ်ဆောင်ခဲ့ပြီး ဆရာ၊ ဆရာမများကို ထောက်ပံ့မှုမပြုခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ၊ ဆရာမများအား ထောက်ပံ့မှုဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေအဖြစ် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၅,၀၆၇ သန်းခွင့်ပြုခဲ့ပြီး ဧပြီလမှ နိုဝင်ဘာလအထိ ဆရာ၊ဆရာမများအတွက် စုစုပေါင်း ငွေကျပ် ၃,၂၉၂ ဒသမ ၄၅၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင်ရှိသည့် ဆရာ၊ ဆရာမများကို သာသနာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုအပြင် သက်ဆိုင်ရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအလိုက်ကျောင်းအုပ်ဆရာတော်များ၊ သီလရှင် ဆရာကြီးများ၏ အစီအစဉ်ဖြင့် ထပ်ဆောင်းချီးမြှင့် ထောက်ပံ့မှုများရှိပါကြောင်း။

သို့ပါ၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးအား ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ် တိုးမြှင့်ပေးထားခြင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ်ဆရာတော်များ၊ သီလရှင်ဆရာကြီးများမှ ထပ်ဆောင်း ထောက်ပံ့ပေးမှုများ ရှိနေခြင်းတို့ကြောင့် လစဉ်ထောက်ပံ့ကြေး တိုးမြှင့်မှုအား ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်ဘင့်၏ **မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမြို့နယ်၊ ရေနီသစ်တော ကြိုးဝိုင်းအတွင်း တွင် နောင်ဘိုကျေးရွာအုပ်စု၊ ကြောင်ရေကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု(၄)ခုနှင့် ကျေးရွာပေါင်း (၁၂)ရွာမှ တောင်သူ(၃၅၀) ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင်ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၄)အုပ်စုနှင့် ကျေးရွာ(၁၂)ရွာမှ တောင်သူ (၃၅၀) ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများတည်ရှိသည့် မြေနေရာများသည် ရေနီသစ်တော ကြိုးဝိုင်းမြေအတွင်း ကျရောက်နေပြီး၊ အဆိုပါမြေနေရာများ အပါအဝင် မြေဧရိယာ(၅၄၉၅) ဒသမ ၈၃)ဧကထဲတွင် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေဧရိယာ (၁,၆၂၈ ဒသမ ၉၇) ဧကရှိပြီး တင်ပြမြေများနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပစဉ်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် သဘာဝကျောက်မှန်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာ အကြီးစားထုတ်လုပ်နိုင်ရန် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်းအဖြစ် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက သဘာဝကျောက်မှန်အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာအဖြစ် ဗဆော့-Basalt ကဲ့သို့ မီးတောင်ကျောက်များကို အခြေခံ၍ ထုတ်လုပ်သုံးစွဲရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ စီးပွားဖြစ်ထုတ်လုပ်မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် မြေဩဇာထုတ်လုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာ ထိရောက်အကျိုးရှိစွာ သုံးစွဲရေး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝကျောက်မှန်နှံ အခြေခံကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာအကြီးစားထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်မည့် စီမံကိန်းသည် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်းဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည် ဆိုပါက (၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ္ဍာနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် လျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သဘာဝကျောက်မှန်နှံ့အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာ အကြီးစား ထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေး ကဏ္ဍမြှင့်တင်ရေးနှင့် အစိမ်းရောင် စီးပွားရေး (Green Economy) ဖော်ဆောင်မှုတို့ကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒ၊ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း။

သဘာဝကျောက်မှန်နှံ့ အခြေခံကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာကို အကြီးစား (Large-Scale) ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းနှင့် ဘူမိဗေဒဆိုင်ရာလိုအပ်ချက်များ၊ နည်းပညာနှင့် ထုတ်လုပ်မှုအခြေခံ အဆောက်အအုံ၊ ကာဗွန်စုပ်ယူမှု စီစစ်အတည်ပြုခြင်းစနစ်၊ စံချိန်စံညွှန်းအသိအမှတ်ပြုလက်မှတ်၊ စိုက်ပျိုးရေးဆိုင်ရာ စမ်းသပ်မှု၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုစသည့် အချက်(၆)ချက်အပေါ်အခြေခံပြီး စနစ်တကျပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ကနဦးစမ်းသပ် စီမံကိန်းများ (Pilot Projects) ဖြင့် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားခြင်းက ပိုမိုသင့်လျော်မှုရှိပါကြောင်း၊ သဘာဝကျောက်မှန်နှံ့ အခြေခံကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဓာတ်မြေဩဇာတင်သွင်းမှုကို လျော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းမည်ဖြစ်ပါကြောင်း၊ မြေဆီလွှာပြန်လည်ကောင်းမွန်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးအတွက် မဟာဗျူဟာမြောက် နည်းလမ်းတစ်ခု ဖြစ်သော်လည်း ကနဦး ရင်းနှီးမြှုပ်နှံမှုစရိတ် ကြီးမားခြင်းနှင့် တောင်သူများ၏ လက်ခံသုံးစွဲမှုအချိန်ယူရခြင်း စသည့် အကန့်အသတ်များရှိနေသည့်အတွက် စိစစ်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **မြေယာဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်သူ ပြည်သူ့ဝန်ဆောင် မြေယာကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များအား မည်သို့ကြိုးကြပ်ထိန်းကျောင်းလျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကိုယ်စားလှယ်မေးမြန်းထားသည့် မြေနေရာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ခြင်ဘို့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်း ဖြစ်ပြီး လွန်ခဲ့သော ၂၅ နှစ်ခန့်က ဧရာဝတီမြစ်ရေ တိုက်စားခဲ့မှုကြောင့် ကမ်းပြိုသွားခဲ့သော မြေနေရာများဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်တိုးလာ၍ ပြန်လည်ပေါ်ထွန်းခဲ့သော မြေနေရာဖြစ်ပါကြောင်း၊ အဆိုပါမြေနှုကျွန်းမြေဧရိယာသည် ဧက (၂၄၀) ခန့်ရှိပြီး၊ လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေ ကျဆင်းသွားသော်လည်း တိုင်းတာစိစစ်နိုင်ခြင်း မရှိသေးသောကြောင့် ခွဲဝေချထားခြင်းမရှိသေးသော မြေနေရာများဖြစ်ပါကြောင်း။

တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေနုကျွန်းမြေကို ခွဲဝေချထားနိုင်ရန်အတွက် ခြင်ဘို့ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တန်းစီဧယားရေးဆွဲတင်ပြထားပြီး ဟင်္သာတမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဟင်္သာတခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပြီး မြေနုကျွန်းမြေလုပ်ကိုင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ချထားပေးခြင်းမရှိသေးပါကြောင်း။

အဆိုပါ ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းရှိ ပေါ်ထွန်းလာသော မြေနုကျွန်းမြေ ဧက (၂၄၀) နှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေယာမဲ့တောင်သူများအား လုပ်ပိုင်ခွင့် ချထားနိုင်ရေးအတွက် တန်းစီဧယား ရေးဆွဲခြင်းနှင့် မြေယာလုပ်ကိုင်ခွင့်ချထားခြင်း ကိစ္စရပ်များအား လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဟင်္သာတမြို့နယ်၊ ခြင်ဘို့ကျေးရွာအုပ်စု၊ သဲရိုးရွာအနီးပေါ်ထွန်းသည့် မြေနုကျွန်းမြေနှင့် ပတ်သက်၍ အဆိုပါမြေနုကျွန်းမြေပြန်လည်ပေါ်ထွန်းလာပါက တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ခွဲဝေချထားနိုင်ရေး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့အနေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားရာတွင် တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျူးလွန်မှုရှိပါက လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦး၏ **အခြားနည်း သုံးစွဲခွင့်မရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန်မွေးမြူရေးကန် ပြုလုပ်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများ ပြုလုပ်ခဲ့သည့်အပေါ် မည်ကဲ့သို့ ကြီးကြပ်ကွပ်ကဲ၍ အရေးယူဆောင်ရွက်ထားခြင်း ရှိ/မရှိသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၂၃ ခုနှစ် မတ်လ ၁၈ ရက်မတိုင်မီ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါး/ပုစွန်မွေးမြူရေးကန် ပြုလုပ်ခြင်း၊ အဆောက်အဦ ဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများအပါအဝင် အခြားနည်း ကျူးလွန်အသုံးပြုမှုများကို ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင် "လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း

စာမျက်နှာ ၁၁ သို့ ●

● စာမျက်နှာ ၁၀ မှ

အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြလုပ်ထုံးလုပ်နည်းများ (SOP)"ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ၎င်းစံပြလုပ်ထုံးလုပ်နည်းများနှင့်အညီ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း ကျူးလွန်အသုံးပြုမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူလလယ်ယာမြေပေါ်တွင် စပါးနှင့် ရာသီသီးနှံများ စိုက်ပျိုး၍မရသဖြင့် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုထားသည့် ငါးမွေးမြူရေးကန်များသည် ငါးများမွေးမြူလျက်ရှိ၍ ဒေသ၏စားရေရိက္ခာထုတ်လုပ်မှုကို ပံ့ပိုးပေးနိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ပြီး စံပြလုပ်ထုံးလုပ်နည်း (SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေးအတိုင်း ပေးဆောင်စေ၍ ငါးမွေးမြူရေးကန်မြေအဖြစ် အခြားနည်း ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အခြားကျူးလွန်အသုံးပြုမှုများဖြစ်သော တည်းခိုခန်း၊ အပန်းဖြေဥယျာဉ်၊ စားသောက်ဆိုင်၊ KTV အပါအဝင် နိုင်ငံစီးပွားရေးအတွက် အထောက်အကူမပြုသော အခြားစီးပွားရေးလုပ်ငန်းများဖြစ်ပါက လယ်ယာမြေအဖြစ် ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့လျှင် စံပြလုပ်ထုံးလုပ်နည်း (SOP) တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေး၏အမြင့်ဆုံးရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးဆောင်စေပြီးမှ အခြားနည်း ခွင့်ပြုပေးလျက်ရှိပါကြောင်း။

သို့ပါ၍ အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အဦဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များဖွင့်လှစ်ခြင်း ပြုလုပ်ခဲ့ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပြဋ္ဌာန်းမီ ၂၀၁၂ ခုနှစ် သြဂုတ်လ ၃၁ ရက်မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် သြဂုတ်လ ၁၈ ရက်အထိ ကာလများအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများနှင့် စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စံပြလုပ်ထုံးလုပ်နည်းများ(SOP)နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် သြဂုတ်လ ၁၈ ရက် နောက်ပိုင်းကာလအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အပြင် စံပြလုပ်ထုံးလုပ်နည်း(SOP) များနှင့်အညီ ကြီးကြပ်ကွပ်ကဲအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ကလင်ဘန်းကျေးရွာ၊ ဘိုတောင်ရပ်ရှိ ရွာပတ်လမ်းအကျယ် ပေ(၃၀)၊ အလျားပေ(၂၃၀၀)၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာ၊ ဘုတ်ချောင်းရပ်ရှိအကျယ် ပေ(၂၀)၊ အလျားပေ(၁၅၀၀)ရှိ ပုလဲလမ်းနှင့် အကျယ်ပေ(၂၀)၊ အလျားပေ(၁၅၀၀)ရှိ ပုလဲ(၃)လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးသိုက်စိုးက မြိတ်မြို့နယ်၊ ကလင်ဘန်းကျေးရွာသည် မြိတ်မြို့မှ ၁၇ မိုင်အကွာတွင် တည်ရှိပြီး ရွာပတ်လမ်းအရှည် ပေ ၁၇၀၀ ရှိပါကြောင်း၊ အရှည် ပေ ၁၂၅၀ သည် အကျယ် ၅ ပေမှ ၁၈ ပေခန့်ထိ မြေသားလမ်းဖြစ်ပြီး အရှည် ပေ ၄၅၀ သည် လယ်မြေဖြစ်၍ လူသွားလမ်းမျှသာဖြစ်ပါကြောင်း။

လယ်မြေအပိုင်း ပေ ၄၅၀ တွင် ပျမ်းမျှအမြင့် ၃ ပေခန့်ဖြင့် မြေသားတာပေါင်တင်ခြင်း၊ Box Culvert (၁) စင်းနှင့် Pipe Culvert (၁) စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁)ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၊ တောင်ကြီးကျေးရွာရှိ ရွာတွင်းလမ်း အလျား ပေ(၇၅၀၀)၊ အကျယ် ပေ(၂၀) ရှိသော ကျောက်ခင်းလမ်းပိုင်းနှင့် မြေသားလမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးသိုက်စိုးက အင်္ဂမော်ကျေးရွာအုပ်စု၊ တောင်ကြီးကျေးရွာသည် မြိတ်မြို့မှ မိုင် ၂၀ အကွာတွင် တည်ရှိပြီး တောင်ကြီးကျေးရွာ၊ ရွာတွင်းလမ်းသည် ကန်သာယာ-တောင်ကြီး ရွာချင်းဆက်လမ်းနှင့် ချိတ်ဆက်လျက်ရှိပါကြောင်း၊ လမ်းပိုင်း (၁) စာသင်ကျောင်းလမ်းသည် အရှည် ပေ ၄၉၀၀ အမာခံမြေသားလမ်းဖြစ်ပြီး မြေသားတာပေါင်တင်၍ လမ်းချဲ့ခြင်းနှင့် Pipe Culvert (၉) စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လမ်းပိုင်း (၂) ဘုန်းတော်ကြီးကျောင်းလမ်းသည် အရှည် ပေ ၁၈၀၀ အမာခံမြေသားလမ်းဖြစ်ပြီး Pipe Culvert (၃) စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးညာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစု မြို့နယ်၊ ကံမော်ကျေးရွာတွင် ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော အရှည်(၆)ဖာလုံရှိ ကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် (၂၄ ပေ x ၅ ပေ x ၅ ပေ)ရှိ Box Culvert (၂)စင်း တည်ဆောက်ခြင်းတို့ကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးသိုက်စိုးက ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာ ကုန်ထုတ်လမ်းသည် အရှည် ၃၉၆၀ ပေ မြေသားလမ်းဖြစ်ပြီး Box Culvert (၂)စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လမ်းအကျယ် ၆ ပေမှ ၁၂ ပေခန့်ထိရှိပြီး လိုအပ်သောလမ်းအကျယ်ရရှိရန် ညှိနှိုင်းပြီးဖြစ်သည့်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပြီး ကုန်ထုတ်လမ်း ပေ ၃၉၆၀ နှင့် Box Culvert (၂) စင်း ဆောင်ရွက်ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကုန်ထုတ်လမ်းကို မြေသား ၂ ပေ ထု၊ ကျင်း / ဂဝံ ၉ လက်မခင်းခြင်း၊ ကျောက်ရောမြေအဆင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်စိန်လှ၏ **ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်သည့် စစ်တွေမြို့ကမ်းခြေပတ်လမ်းအား ရေရှည်ခံနိုင်မည့်အစီအမံများဖြင့် စဉ်ဆက်မပြတ် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်တွေမြို့ ကမ်းခြေပတ်လမ်းပို့ငှမှ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားငယ်အထိ (၇ ဒသမ ၈) ဖာလုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားအဆုံးမှ ပလွင်ပြင်ကျေးရွာအထိ လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် ပြည်နယ်မှစီမံခန့်ခွဲသော Class A အဆင့်လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် (၁၁) မိုင်ရှိပြီး (၆) ဖာလုံသည် ကျောက်လမ်း၊ (၁၀) မိုင်(၂) ဖာလုံသည် မြေသားလမ်း ဖြစ်ပါကြောင်း။

ကွန်ကရစ်တံတားငယ် အဆုံးမှစ၍ ကျောက်လမ်း (၂ ဒသမ ၈၇) ဖာလုံ၊ ကျောက်စီမြေထိန်းနံရံ (ကမ်းခြေဘက်ခြမ်း) ပေ (၃၀၀) နှင့် (ကုန်းတွင်းဘက်ခြမ်း) ပေ (၂၀၀) တို့ကို ဆောင်ရွက်ပေးရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ်၌ ပြည်နယ်ငွေလုံးငွေရင်း၏ ရန်ပုံငွေတွင် လျာထားတင်ပြသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်မှ နိုဝင်ဘာလ ၁၆ ရက်အထိ အစည်းအဝေးကျင်းပရက် (၁၈) ရက် ကျင်းပခဲ့ပြီး လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကိုရှေးရှုပြီး သူလူထုအကျိုးစီးပွားကိုရှေးရှုပြီး ဥပဒေကြမ်း စုစုပေါင်း(၄)ခုကို ဆွေးနွေးစိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း။

နည်းဥပဒေပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာခြင်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း (၁၁၇)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၄၀) တို့ကို မေးမြန်းခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လာရောက်ဖြေကြားခဲ့ပြီး၊ ကြယ်ပွင့်မပြမေးခွန်းများကို စာဖြင့်ဖြေကြားပေးခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အဆိုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်အနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော အဆို (၁) ခုနှင့် တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို (၂) ခု၊ စုစုပေါင်း (၃) ခုကို တင်သွင်းဆွေးနွေး အတည်ပြုနိုင်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးကို ရှေးရှု၍ အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်လွှတ်တော်များနှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း (၆) သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ထို့ပြင် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သား အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈) ရက်တာကာလအတွင်း အချိန်ကို အကျိုးရှိရှိအသုံးချပြီး အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များ ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်သို့တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အခြားဆောင်ရွက်ချက်အနေဖြင့် အမျိုးသားလွှတ်တော်နံရံကပ်စာစောင်ကိုလည်း အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈) ရက်တာကာလအတွင်း အချိန်ကို အကျိုးရှိရှိအသုံးချပြီး အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များ ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး ဥပဒေပြုရေးနှင့် လွှတ်တော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သား အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **မြဝတီ**

ရေချွေတာရေးနည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ထမင်းစားခန်းမကြီး B ဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကဦးအောင်လင်းဆွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ် ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့လယ်ကုန်းရပ်ကွက်ရှိ နားဇရင်းယာယီနေရပ်စွန့်ခွာ စခန်းနေတိုင်းရင်းသားပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ၄လက်မစက်ရေတွင်းတူးဖော်ပြီးစီးမှုအခြေအနေကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ်သည် ကချင်ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ အဆိုပါရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ တင်ပြချက်အပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ အဆိုပါရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ တင်ပြချက်အပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အဆိုပါသင်တန်းကျောင်းမှဝန်ထမ်းများ၊ကျောင်းသား၊ကျောင်းသူများနှင့် တွေ့ဆုံပြီးကျောင်းသား၊ကျောင်းသူများကို ဘက်စုံထူးချွန်သူများ၊ ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင်နိုင်ငံတော်မှအားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရေး၊ စာပေပညာရပ်များအပြင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြွံခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နှင့် ဆင်ခြင်တုံတရား မြင့်မားလာစေရေးအတွက် အလေးထားလေ့ကျင့်သင်ကြားပြုစုပျိုးထောင်သွားကြရန် မှာကြား၍ ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

မော်လမြိုင်-ရေး-ထားဝယ်-မြိတ်လမ်းပိုင်းရှိ မိုင် (၃၂/၂ - ၃၂/၃) တွင် အဘစ်တံတားတည်ဆောက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၁၆

မော်လမြိုင် – ရေး – ထားဝယ် – မြိတ်လမ်းပိုင်းရှိမိုင် (၃၂/၂-၃၂/၃) တွင် သံကူကွန်ကရစ် ပေ ၂၀၀ အရှည်ရှိ အဘစ်တံတားကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် လမ်းပန်းဆက်သွယ်ရေးချောမွေ့စေရေးအတွက်တံတားရေရှည်တည်တံ့ခိုင်မြဲအောင် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ဝင်းဖနံတံတားကို အရှည်ပေ ၁၈၀ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည် ဆောက် နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်မုဒုံမြို့နယ်ရှိ ဝင်းဖနံဆည်၌ လက်ရှိရေသိုလှောင်ထားရှိမှု၊ ကန်ရေပြည့်အမှတ်အခြေအနေ၊ ဆည်ရေထုတ်လွှတ်နေမှုနှင့် ဆည်ကြိုခိုင်ရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မုဒုံမြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ Nobeline Myanmar Co., Ltd. က တာဝန်ယူတည်ဆောက်လျက်ရှိသည့် RCC နှစ်ထပ်စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ ကျိုက်မရော မြို့နယ် နတ်စမ်းကျေးရွာရှိ ဝက်မွေးမြူရေးခြံ၌ DY မျိုးဝက်မကောင်ရေ ၂၅၀၊ဝက်သိုး ၁၈ကောင်၊ ဝက်ငယ်ကောင်ရေ ၁၆၀၀ မွေးမြူထားရှိမှုကိုကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



(၁၆-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၆၅.၈	၅၁၇.၆ ~ ၅၁၇.၇	၁၂၅.၄ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၃၉၂,၄၇၅.၆၆	၅,၂၈၀,၃၂၃.၀၀	၆၅,၄၇၂,၂၄၈.၂၆	-

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲကို "မသန်စွမ်းသူများ၏ အခွင့်အရေးကို ဆက်လက်မြှင့်တင်၍ ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထိုသို့ကျောင်းသား၊ ကျောင်းသူများပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ဒုတိယဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို လာမည့် ဒီဇင်ဘာလ ၃ ရက်တွင် နေပြည်တော်၌ နိုင်ငံတော်အဆင့် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားတွင်ထိုက်ထိုက်တန်တဲ့ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

တရားမအထူးအယူခံမှု (၄)မှုကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမ အထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်သင်းသင်းနွဲ့၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချို၊ ဒေါက်တာမျိုးဝင်းအောင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်မင်္ဂလာဒီပရပ်ကွက်ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၄/၂၀၂၆ (မန္တလေး) နှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ်(၄)/၂၀၂၆ (မန္တလေး)နှင့် တရားမအထူးအယူခံမှုအမှတ် ၁၄/၂၀၂၆ (ရန်ကုန်)၊ ၂၁/၂၀၂၆ (ရန်ကုန်)၊ ၃၈/၂၀၂၆ (ကရင်) နှင့် ၄၀/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

မြန်မာနိုင်ငံသို့ ခွင့်ဖြင့်ပြန်လာသည့်အလုပ်သမားများ၏ ပြည်ပထွက်ခွာခွင့် လျှောက်ထားလာမှုများကို ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မြောက်ဒဂုံ)၌ နိုဝင်ဘာလ ၂ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၆



မြန်မာနိုင်ငံသို့ခွင့်ဖြင့်ပြန်လာသည့် အလုပ်သမားများ၏ပြည်ပထွက်ခွာခွင့် လျှောက်ထားလာမှုများကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်းအစား ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)တွင်နိုဝင်ဘာလ ၂ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလ ၁၀ ရက်အထိ ခွင့်ပြန်အလုပ်သမား စုစုပေါင်း ၇၁၄ ဦးကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ခွင့်ပြန်အလုပ်သမားများ၏မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းလွှဲပို့ခဲ့မှု၊ အခွန် ၂ ရာခိုင်နှုန်းပေးဆောင်မှုနှင့် ခွင့်ပြန်အထောက်အထားများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့မှဝန်ထမ်းများ၊ A.D Bank များ၊ RBL လိုင်စင်ရငွေလွှဲလုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ စိစစ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ လာရောက်ဆောင်ရွက်သည့်အလုပ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအား ၎င်းတို့သွားရောက်မည့်နိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိစေရေး အသိပညာပေး ပို့ချလျက်ရှိသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် HRD Korea အဖွဲ့နှင့်တွေ့ဆုံ၍ ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ၊ EPS စနစ်ဖြင့် စေလွှတ်သည့် အလုပ်သမားများ၏ မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းကို တရားဝင်လမ်းကြောင်းမှတစ်ဆင့်ပြည်တွင်းရှိ မိသားစုများထံ တရားဝင်လွှဲပို့နိုင်ရေး အစီအစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတော်၏မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရေး တွေ့ဆုံမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ သင်္ဘောနှင့်ကျွန်းမြို့နယ် ရှိNSSAနည်းပညာအထောက်အကူပြုရုံး (ရန်ကုန်) သို့သွားရောက်၍ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်လုပ်သားများအား စာချုပ်ချုပ်ဆိုနေမှုကို ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **" ပြည်သူ့ကြားက ပြည်သူ့စကား "** အစီအစဉ်မှ **" နိုင်ငံ၏အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရံသာမက ပြည်သူ့အကျိုးစီးပွားထိခိုက်စေမည့် လုပ်ရပ်များကို ဥပဒေမဲ့စွာ ကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ "** ခေါင်းစဉ်ဖြင့် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၅-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **" စစ်ရေးပစ်မှတ်မဟုတ်တဲ့ ပြည်သူ့ပိုင် အဆောက်အဦတွေကို ယုတ်မာရိုင်းစိုင်းစွာ ရည်ရွယ်ချက်ရှိရှိခြိမ်းခြောက် ဖျက်ဆီးတိုက်ခိုက်နေကြတဲ့ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၁-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၂၇၀	၄၄၂၅	၄၃၇၅	၄၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၇၅	၄၇၂၅	၄၇၅၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၁၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၅၄၅	၄၅၁၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၈၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅	-	၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀
HSD (10 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

၁၆-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရေးဟောင်းဝတ္ထုပစ္စည်းများတွေ့ရှိပါက နိုင်ငံတော်သို့အပ်နှံ၍ ဆုကြေးငွေရယူကြပါစို့

ဒေါက်တာအိရွှေစင်မြင့်
(ရေး/သု-ပုဂံ)



၁၅.၁၀.၂၀၂၆ ရက်နေ့ ရေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)၌ ပြုလုပ်သည့် ပျူခေတ် ဘဒ္ဒဝီဌတံဆိပ်ပါ ရွှေလက်စွပ်တစ်ကွင်း အပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနား မှတ်တမ်းဓာတ်ပုံ။

ရေးဟောင်းဝတ္ထုပစ္စည်းဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအပါအဝင် လူသားတို့ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကိုဆိုလိုပါတယ်။

ရေးဟောင်း ဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရခြင်းမှာလည်း အခွန့်ရှည်တည်တံ့စေရန်အတွက်ဖြစ်ပါတယ်။ ရေးဟောင်းပစ္စည်းများ စုဆောင်းခြင်းသည် အဓိကတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ စုဆောင်းရရှိလာသော ရေးဟောင်းပစ္စည်းများထိန်းသိမ်းခြင်းသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍာတစ်ရပ်ဖြစ်ပါတယ်။ ရေးဟောင်းပစ္စည်းများ ထိန်းသိမ်းရာတွင်လည်း ပတ်ဝန်းကျင်နှင့်ရာသီဥတု (Environment and Micro climate)၊ ထားသိုရာအဆောက်အအုံ၊ ပိုးမွှားများ ပေါက်ပွားမှု၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု (Environmental Polluted air) စသည်တို့သည် အရေးကြီးပါတယ်။ ဒါကြောင့် ရေးဟောင်းပစ္စည်းများထိန်းသိမ်းရေး ဆောင်ရွက်မည်ဆိုပါက ထိန်းသိမ်းမှုလုပ်ငန်းအတွက် လိုအပ်သည့် ဓာတုဗေဒပစ္စည်းများ၊ ရှုထောင့်အမျိုးမျိုးမှ အကြံပြုပေးမည့် ပညာရှင်များ၊ သမိုင်းပညာရှင်များ စသည့်ပညာရှင်တို့၏တင်ပြမှုနှင့် ရေးဟောင်းပစ္စည်းများ၏ အခြေအနေပေါ်မူတည်၍ မူလအနုပညာမပျောက်စေရန်နှင့် ရေးဟောင်းတန်ဖိုးမြင့်တက်လာစေရန် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။

ပြတိုက်ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂလိကကဖြစ်စေဖွင့်လှစ်ထားသော အဆောက်အအုံဖြစ်ပါတယ်။



၁၆.၁၀.၂၀၂၆ ရက်နေ့တွင် ရန်ကုန်ဌာနခွဲ၌ပြုလုပ်သည့် ကျောက်ခေတ်၊ ကျောက်လက်နက် ၂၄ ခုနှင့် ပျူခေတ်၊ ဟံသာဝတီခေတ်၊ ဝေသာလီခေတ် ဒင်္ဂါး ၃၇၂ ပြား အပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနား မှတ်တမ်းဓာတ်ပုံ။

ရှိ၊ မရှိ အငြင်းပွားမှုမဖြစ်ပေါ်စေရေးအတွက် အဆုံးအဖြတ်ပေးနိုင်သော ရေးဟောင်းဝတ္ထုပစ္စည်း ကျွမ်းကျင်ပညာရှင်အဖွဲ့၊ စစ်ဆေးရေးအဖွဲ့တို့ ဖွဲ့စည်းထားသည့်အတွက် အဆိုပါအဖွဲ့က စစ်မှန်မှုရှိ၊ မရှိကို ပစ္စည်းလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆုံးအဖြတ်ပေးကြရပါတယ်။

အများပြည်သူမှ လာရောက်အပ်နှံသည့် ရေးဟောင်းဝတ္ထုပစ္စည်းများကို ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဖွဲ့စည်းထားသော ရေးဟောင်းဝတ္ထုပစ္စည်းပညာရှင်အဖွဲ့၊ ထူးခြားထင်ရှားမှုတို့အပေါ် **"ထပ်ဆောင်းတန်ဖိုး"** တွက်ချက်ပေါင်းထည့်ကာ ဆုချီးမြှင့်ပေးခြင်းဖြစ်ပါတယ်။

ရေးဟောင်းဝတ္ထုပစ္စည်းဆုကြေးငွေသတ်မှတ်ရာတွင် ယခင်က ကျောက်ခေတ် ကျောက်ထည်ပစ္စည်းများအတွက် ခေတ်ကြေးကို ၁၀၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိလည်းကောင်း၊ ကြေးခေတ်ကြေးထည်ပစ္စည်းများအတွက် ခေတ်ကြေးကို ၉၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိလည်းကောင်း၊ သံခေတ် သံထည်ပစ္စည်းများအတွက် ခေတ်ကြေးကို ၈၅ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိလည်းကောင်း၊ သံခေတ် မြေထည်ပစ္စည်းများအတွက် ခေတ်ကြေးကို ၈၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိလည်းကောင်း သတ်မှတ်ထားပြီး ဆုချီးမြှင့်ပေးခဲ့ပါတယ်။

ပျူခေတ်လက်ရာပစ္စည်းများအတွက် ခေတ်ကြေးကို ၈၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိလည်းကောင်း၊ ပုဂံခေတ် လက်ရာပစ္စည်းများအတွက် ခေတ်ကြေးကို ၇၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိလည်းကောင်း၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်းခေတ်လက်ရာပစ္စည်းများအတွက် ခေတ်ကြေးကို ၆၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းထိလည်းကောင်း၊ ကုန်းဘောင်ခေတ် လက်ရာပစ္စည်းများအတွက် ခေတ်ကြေးကို ၅၀ ရာခိုင်နှုန်းသတ်မှတ်ပြီး လက်ရာကြေးအနေဖြင့် ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိလည်းကောင်း သတ်မှတ်ထားပြီး ဆုချီးမြှင့်ပေးခဲ့ပါတယ်။ ခေတ်ကာလနှင့်လျော်ညီသော ဆုကြေးငွေဖြစ်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

တစ်နည်းနည်းဖြင့် လက်ဝယ်ရှိနေခြင်း သို့မဟုတ် အမွေဆက်ခံရရှိနေခြင်း စသည့် **ရေးဟောင်းဝတ္ထုပစ္စည်းများကို** ကိုယ်ပိုင်ထိန်းသိမ်းလိုခြင်း၊ တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့သယ်ယူလိုခြင်း၊ နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်တွင် ခင်းကျင်းပြသလိုခြင်း၊ ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူးလိုခြင်း၊ မိတ္တူပွားလိုခြင်း ပြုလုပ်လိုပါက မည်သူမဆို ဦးစီးဌာန (ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)သို့ တရားဝင်လျှောက်ထားရပါတယ်။

ဥပဒေပြု၍မထားလျှင် ပျက်စီးယိုယွင်းခြင်း၊ ပျောက်ပျက်စေခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးလာနိုင်သည့်အတွက် ရေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ (၂၀၁၅) ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။ မည်သူမဆို ရေးဟောင်းဝတ္ထုပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ယူဆောင်ခြင်း၊ ပို့ဆောင်ခြင်း၊ မူလပုံစံပျက်ယွင်းစေခြင်း၊ ဖျက်ဆီးခြင်း၊ စီးပွားရေးအလို့ငှာ ရည်ရွယ်ချက်ဖြင့် ရောင်းချခြင်း၊ စုဆောင်းထားရှိခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း၊ ပုံတူကူးခြင်းတွေတော့ ပြုလုပ်လို့ မရပါဘူး။ နိုင်ငံသားတိုင်း ရေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိပါက သတင်းပေးပို့ပေးကြဖို့လည်း အလေးအနက်တိုက်တွန်းလိုပါတယ်။

ယဉ်ကျေးမှုဟူသည်နယ်နိမိတ်သတ်မှတ်၍မရပါ။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းကြပြီး ဒေသအဆင့်၊ အမျိုးသားအဆင့်၊ ကမ္ဘာ့အဆင့်ထိပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် အထင်မသေးဘဲ တန်ဖိုးထားချစ်ခင်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေပြီး နောင်လာနောက်သားများအတွက် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ်များပင် ဖြစ်ပါတော့တယ်။ ။



၁၉.၂.၂၀၂၆ ရက်နေ့တွင် အမျိုးသားပြတိုက်(နေပြည်တော်)တွင် ပြုလုပ်သည့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ်(၃) ဖောင်တော်ချက်မဘုရားကြီး ၂၀၂၅ ခုနှစ် မန္တလေးလျင်ကြောင့် ပြိုကျပျက်စီးမှုများအား ရှင်းလင်းရာမှ တွေ့ရှိသည့် ပျူခေတ်ကြေးဆင်းတုတော်တစ်ဆူလှုဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းအခမ်းအနား မှတ်တမ်းဓာတ်ပုံ။

ရေးဟောင်းပစ္စည်းစုဆောင်းရာတွင်လည်း ကွင်းဆင်းသုတေသန၊ တူးဖော်သုတေသနပြုလုပ်ရာမှ လည်းကောင်း၊ ပြည်သူလူထုမှ အပ်နှံလှူဒါန်းရာမှလည်းကောင်း၊ အလှူခံခြင်းမှလည်းကောင်း ရရှိပါတယ်။ ရရှိလာသည့် ရေးဟောင်းဝတ္ထုပစ္စည်းများကို ပြတိုက်များတွင်ပြသ၍ ပြည်သူလူထုအား အသိပညာပေးခြင်း၊ ခင်းကျင်းပြသခြင်းများ ဆက်လက်ဆောင်ရွက်ကြရပါတယ်။

လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီသို့ ဆက်လက်သတင်းပေးပို့ရမှာဖြစ်ပါတယ်။ ၎င်းတို့မှ လိုအပ်သလို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ဆက်လက်အကြောင်းကြားပေးဖို့လိုအပ်ပါတယ်။

ရေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း သို့မဟုတ် ယူဆရသောပစ္စည်းတစ်ခုခုကို တွေ့ရှိပါက သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပေးပို့ရမှာဖြစ်ပါတယ်။ အဆိုပါ ဝတ္ထုပစ္စည်းကို စစ်ဆေးရေးအဖွဲ့တို့ဖြင့် ခေတ်ကာလ ပိုင်းခြားခြင်း၊ ဆုကြေးတွက်ချက်မှုပေါ် စိစစ်ခြင်းနှင့် ရွှေ၊ ငွေ၊ ကျောက်၊ ကျောက်မျက်ရတနာပစ္စည်းများဖြစ်ပါက အရည်အသွေး၊ အလေးချိန်၊ တန်ဖိုးတို့ကို သိရှိနိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှတ်-၂ သတ္တုတွင်းလုပ်ငန်းသို့ သွားရောက်စစ်ဆေးရပြီး စစ်ဆေးချက်နှင့် တန်ဖိုးဖြတ်ချက်မှတ်တမ်းအရ မူလတန်ဖိုးအပြင် ခေတ်ကာလဆုကြေး၊ ခေတ်လက်ရာကြေးနှင့် ထပ်ဆောင်းတန်ဖိုးတို့ကို ကာလပေါက်ဈေးဖြင့်တွက်ချက်၍ ရိုးသားမှုအတွက် ဆုကြေးပြန်လည်ချီးမြှင့်ပေးပါတယ်။

အများပြည်သူမှ လာရောက်အပ်နှံသည့် ရေးဟောင်းဝတ္ထုပစ္စည်းများကို ပညာရှင်အဖွဲ့က ဆုကြေးတွက်ချက်ကြသည့် အခါမှာ မူလတန်ဖိုး (ကာလပေါက်ဈေး)၊ ရေးဟောင်းတန်ဖိုး (ခေတ်ကြေး၊ လက်ရာကြေး)တို့အပြင် ရေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၅)၊ အခန်း(၅)၊ ပုဒ်မ(၂၀) ပါ ရေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသော ရေးဟောင်းဝတ္ထုပစ္စည်းများဖြစ်သည့် အနုပညာလက်ရာမြောက်မှု၊ ရေးဟောင်းလက်ရာ အဆင့်အတန်းမြင့်မားမှု၊ ရေးဟောင်းဝတ္ထုပစ္စည်းပြုလုပ်သည့် အမျိုးအစားကွာခြားမှု၊ ရေးဟောင်းဝတ္ထုပစ္စည်း နောက်ခံသမိုင်းကြောင်း



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား မလေးရှားတပ်မတော်မှ အမှတ် (၁၁) တပ်မဟာမှူး ဗိုလ်မှူးချုပ်ဒါတိုဆဖ်ဝမ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပါနာ ကလာ အူပလေ့တွတ် (Pana Claew-plodtook)တို့ တွေ့ဆုံဆွေးနွေးစဉ်။

✦ ကျောပိုးမှအဆက်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အဖွဲ့သည် ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ပြီး မလက္ကာမြို့ရှိ Double Tree Hotel သို့ရောက်ရှိကြရာ မလေးရှားတပ်မတော်မှ အမှတ်(၁၁)တပ်မဟာမှူးဗိုလ်မှူးချုပ်ဒါတိုဆဖ်ဝမ်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်ညနေပိုင်းတွင်အဆိုပါဟိုတယ်ရှိStrait-1ခန်းမ၌ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပါနာ ကလာ အူပလေ့တွတ် (Pana Claew-plodtook) နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် မူးယစ်ဆေးဝါး၊ တရားမဝင်နယ်စပ် ကုန်သွယ်ရေး ဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကာကွယ် နိုင်မှုစွမ်းရည်မြှင့်တင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တချို့၏ အကာအကွယ်ဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် လှုပ်ရှားလာနိုင်ခြေရှိသည့် လုပ်ငန်းများကျူးလွန်ရာ၌ လိုအပ်သည့် ရိက္ခာ၊ စက်သုံးဆီ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ ပူးပေါင်းကာကွယ်တားဆီးပေးရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၆

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့ရှိဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တီးတိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နယ်မြေဒေသလုံခြုံရေးရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်တိုက်တွန်းပြောကြားပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ အလုံးစုံပျက်စီးသွားသည့်အဆောက်အအုံများကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့်ကျောင်းသားအိပ်ဆောင်၊ စာကြည့်တိုက်နှင့် အမျိုးသမီးအိမ်တွင်းမှသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် ဆယ်တင်ပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိမှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး Book Club အဖွဲ့ဝင်များနှင့်ဆွေးနွေးပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး Book Club အဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးအောကဦး က စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်၌ ကျင်းပမည့်အစီအစဉ်များနှင့် ပါဝင်မည့်အားကစားပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များအား ချပြရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြဿထားသည့် နံရံကပ်စာစောင်များနှင့်စာအုပ်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မအူပင်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များတက်ရောက်ကြကြောင်း သိရသည်။

စန်းစန်း

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတုအကျိုးသက်ရောက်မှုများ



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပျဉ်းမနားမြို့နယ်ရှိ May ကိုယ်ပိုင်အထက်တန်းကျောင်း၊ SYS ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းကင်ကြယ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ KEM ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ REC ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင်ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့်အထူးဆုများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏သမိုင်းကြောင်းလုပ်ငန်းအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသည်။





ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“သားတို့ကတော့ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းအားလုံးကို လေ့လာသင်ယူပြီးသွားပါပြီ။ သား အနေနဲ့ တပ်မတော်(ကြည်း၊ ရေ၊ လေ)အပိုင်းထဲမှာ ရေတပ်ကိုပိုပြီး တော့ စိတ်ဝင်စားပါတယ်။ ပြောင်းလဲတိုးတက်လာတဲ့ နည်းပညာတွေကို လက်တွေ့အသုံးချပြီး တည်ဆောက်ခဲ့တဲ့ ရေယာဉ်တွေကို လေ့လာရပါတယ်။ ရေယာဉ်တွေအားလုံးကို ကိုယ်တိုင်မောင်းနှင်ပြီးတော့ မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်ချင်ပါတယ်။ ကျွန်တော်တို့ လာရောက်လေ့လာရတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

“အားလုံးပဲ မင်္ဂလာပါရှင့်။ ဂုဏ်ယူစရာကောင်းတဲ့ စစ်သမိုင်းပြတိုက်ရဲ့ နေရာအားလုံးနဲ့ ပြခန်းတွေအားလုံးကို လေ့လာခဲ့ပြီးဖြစ်ပါတယ်။

နောက်နှစ်တွေမှာဆိုရင်လည်း အခုလိုမျိုး လေ့လာရေးခရီးစဉ်တွေကို ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်ရှင်”ဟုပြောသည်။

(၁၀၀)

---

၁ ရွှေဖုံးမှအဆက်

(Visakhapatnam)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့ (Gopalpur)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၀၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


အားကောင်းသောမုန်တိုင်းဝယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

အားကောင်းသောမုန်တိုင်းဝယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသောမုန်တိုင်းဝယ်သည် မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန်တွင် မြောက်လတ္တီကျူ ၁၁ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၆ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်


အဆိုပါ အားကောင်းသောမုန်တိုင်းဝယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာလ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm)အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေ



အနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းဝယ်၏အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာလ ၂၀ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်

၁၆-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန် တိုင်းထွာချက်အရ
အားကောင်းသောမုန်တိုင်းဝယ်လမ်းကြောင်းပြမြေပုံ



၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းဝယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ဝယ်၊ ချောင်းဝယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။







အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

⇨ ကျောဖုံးမှအဆက်

သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ ဦးစွာသင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများကပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် -

"စစ်ပညာရပ်တွေကို သင်ကြားချင်လို့ ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၃၀)ကို လာရောက်တက်ခဲ့ခြင်းဖြစ်ပါတယ်ဗျ။ သင်တန်းကာလမှာလည်း သင်တန်းနည်းပြတွေ သင်ကြားပေးတဲ့ စစ်နည်းဗျူဟာတွေကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်သွားမှာပါ။ နောင်လာမယ့် ညီအစ်ကိုတွေအတွက် ကတော့ မြန်မာနိုင်ငံသားပီသစွာနဲ့ လာရောက်ပြီးတော့ အလှည့်ကျအလေးအနက်ထား တာဝန်ထမ်းဆောင်ပေးပါလို့ ပြောချင်ပါတယ်ခင်ဗျ"ဟု ပြောသည်။

"ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်တဲ့အပေါ်မှာ လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့နိုင်ငံတော်ကို ကာကွယ်နိုင်ပြီဆိုပြီးတော့ သန္နိဋ္ဌာန်ချမှတ်ပြီးတော့မှ နိုင်ငံရဲ့ မြေထု၊ လေထု၊ ရေထု အားလုံးကို ကာကွယ်ဖို့ရာအတွက် မိမိတို့ဆီမှာ တာဝန်ရှိလာပြီဆိုတဲ့ အသိစိတ်ကို ရနိုင်ပါတယ်။ နောက်ထပ်ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်မယ့် လူငယ်များအတွက်လည်းလာရောက်ဖို့ရာအတွက် ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံတော်ရဲ့ လေထု၊ မြေထု၊ ရေထုကို ကိုယ်ပဲ ကာကွယ်ရမှာပဲဖြစ်ပါတယ်"ဟုပြောသည်။

(၁၀၀)

တန့်ယန်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြော

တန့်ယန်း နိုဝင်ဘာ ၁၆

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ကျေးရွာများတွင်သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ခိုယောင်းအုပ်စု ပန်အင်ကျေးရွာ၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က ကွင်းဆင်းကြီးကြပ်၍ ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ရနိုင်သည့် ရေရှားပါးမှုအန္တရာယ်၊ သောက်သုံးရေသန့်ရှင်းရေးနှင့် စနစ်တကျချွေတာသုံးစွဲရေးနည်းလမ်းများကို ပြည်သူများအား အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

တန့်ယန်း(ပြန်/ဆက်)



● ရှေ့ဖုံးမှအဆက်

ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်နှင့်ကိုရီးယားနိုင်ငံမှ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ် ၂၉ ဦးအား ခွဲစိတ်ကုသမှုလုပ်ငန်းများဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ နေပြည်တော်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် လက်ဆောင်ပေးခြင်း၊ အထူးကုဆရာဝန်ကြီးများအား သစ်သီးခြင်းနှင့် အလှူငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြောင်းသိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ (၆၅)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၆

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ (၆၅)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက် ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဆုချီးမြှင့်ပွဲကို တိုင်းစစ်ဌာနချုပ်ရှိအောင်ဆန်းခန်းမ၌ဆက်လက်ပြုလုပ်ရာ သင်တန်းများ၊ အားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသည့် အရာရှိ၊ စစ်သည်များနှင့် အိမ်ထောင်သည်ရဲမေများ၊ ပညာရည် ချွန် ဆုရရှိကြသူများနှင့် အိမ်ထောင်သည်လိုင်းခန်း ဘက်စုံအကောင်းဆုံးဆုရရှိကြသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် တူညီဝတ်စုံများကိုလည်းကောင်း တိုင်းမှူးနှင့်တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့အပြင် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ကျိုင်းတုံမြို့နယ်၊ ပန်လီရွာရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဘ၊ မောင်နှမ၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမအား သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်းသောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအားဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု



ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။









မှမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးဖြိုဖြစ်ကြောင်း သိရှိရသည်။

ရှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်တိုင်းဒေသကြီးအားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဦးစွာအသင်းလိုက် ကိုးဦးပြိုင်ပွဲဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှု၊ တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲများယှဉ်ပြိုင်ကစားနေမှုနှင့်အသင်းလိုက် သုံးဦးပြိုင်ပွဲ ဗိုလ်လုပွဲများယှဉ်ပြိုင်ကစားနေမှုတို့ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ပြည်ခရိုင်အသင်းကို တံခွန်စိုက်ဆုဖလား၊ အသင်းလိုက်ကိုးဦးပြိုင်ပွဲတွင် ပထမဆုရရှိသော နတ်တလင်းခရိုင်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်သည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးများ၊ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့၏ဆပ်ကော်မတီအဖွဲ့ဝင်များက တစ်ဦးချင်းပြိုင်ပွဲတွင်



ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ အသင်းလိုက်သုံးဦးပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယဆုရရှိကြသည့်အသင်းများနှင့်အသင်းလိုက်ကိုးဦးပြိုင်ပွဲတွင် ဒုတိယနှင့်တတိယဆုရရှိသောအသင်းတို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒိုင်အဖွဲ့များကို သီခြားချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

ဥသာတိုင်းသား

၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ(အေရိုးဗစ်)ပြိုင်ပွဲဖွင့်ပွဲကျင်းပ

စစ်တွေ နိုဝင်ဘာ ၁၆

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ (အေရိုးဗစ်)ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အခြေခံပညာကျောင်းပေါင်းစုံ(အေရိုးဗစ်)ပြိုင်ပွဲကို ကျောင်းသူများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်လာစေရန်၊ ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဘက်စုံသုံးအားကစားခန်းမကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင် မိုးလုံလေလုံရေကူးကန်ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲအတွက် ပံ့ပိုးငွေများပေးအပ်ပြီး ကျောင်းသူများက အေရိုးဗစ်အကဖြင့်သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



ဘီးလင်းမြို့နယ်တွင် နေကြာနှင့်ဆီထွက်ပဲပုပ်စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များပေးအပ်



ဘီးလင်း နိုဝင်ဘာ ၁၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးမှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အထောက်အကူပြုစေရေးအတွက် နေကြာနှင့် ဆီထွက်ပဲပုပ်စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဘီးလင်းမြို့နယ်ကန်သာယာရုပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဇရာထိုက်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျာမင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဦး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင်တာဝန်ရှိသူများက နေကြာနှင့် ဆီထွက်ပဲပုပ်စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့များပေးအပ်ရာ နေကြာမျိုးစေ့များ ကို ဧက ၅၀ စိုက်ပျိုးနိုင်သည့်နှုန်းထားဖြင့်လည်းကောင်း၊ ဆီထွက်ပဲပုပ်မျိုးစေ့များကို ၅ ဧကစိုက် ပျိုးနိုင် သည့် နှုန်းထားဖြင့် လည်းကောင်း ပံ့ပိုးပေးအပ်ကြကြောင်းသိရသည်။

(၄၀၆)

ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားငါးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ကြာအင်းဆိပ်ကြီး နိုဝင်ဘာ ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ဘုရားငါးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဘုရားငါးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူလေးဦး၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၈၂၃ သိန်း အား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်း၏ ပြောကြားချက်အရ သိရသည်။

ချမ်းမြေ

ရေရှားပါးပြတ်လပ်မှုမရှိစေရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြင်းထန်အယ်လ်နီညိုကာလတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက တောင်တန်းကုန်းကျေးရွာအုပ်စု မြင်းကကွင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် မြင်းကကွင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၄၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသား၊ ကျေးရွာသူများပူးပေါင်း၍ ယခုနှစ် ဇွန်လ စတုတ္ထအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

U-20 လူငယ်လိဂ်ဘောလုံးပြိုင်ပွဲတွင် ISPE အသင်းက ရှမ်းယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁၆

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၂၄)၏နောက်ဆုံးနေ့ပွဲစဉ်ကို ယနေ့ ညနေပိုင်းတွင် ဗဟန်းအားကစားကွင်း၌ပြုလုပ်ရာ ISPE အသင်းက ရှမ်းယူနိုက်တက်အသင်းကို ၅ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်သွင်းအနိုင်ရရှိသွားသည်။

ပွဲကစားချိန် ၈ မိနစ်တွင် သူရဇော်၊ စစ်ငြိမ်းချမ်းဦး၊ ထွန်းကိုကိုဦးတို့ အချိတ်အဆက်ကနေ ထွန်းကိုကိုဦးက ISPE အသင်းအတွက် ဦးဆောင်ဂိုးရယူသွားသည်။

ပွဲကစားချိန် ၂၄ မိနစ်တွင် ကောင်းခန့်ကျော်က ပြစ်ဒဏ်ဘောက တိုက်ရိုက်ကန်သွင်းပြီး ဒုတိယဂိုး၊ ပွဲကစားချိန် ၂၆ မိနစ်တွင် ပြိုင်ဘက်နောက်တန်းအမှားကနေ ထွန်းကိုကိုဦးက တတိယဂိုး၊ ပွဲကစားချိန်မိနစ် ၄၀ တွင် မင်းကိုခန့်က စတုတ္ထဂိုးများဆက်တိုက်သွင်းယူခဲ့ကြသည်။

ပွဲကစားချိန် ၄၃ မိနစ်တွင် ပြိုင်ဘက်နောက်တန်းကိုကျော်ကာ ကောင်းခန့်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် ချေဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ၄ ဂိုး၁ ဂိုးဖြင့် ISPE အသင်းက ပွဲကိုဦးဆောင်ထားသည်။



ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်တွင် အောင်မြင့်မြတ်(၁)ရဲ့ ပြစ်ဒဏ်ဘောတာဂိုမှကနေ ထွန်းကိုကိုဦးက ပိတ်သွင်းပြီး ISPE အသင်းအတွက် ပဉ္စမဂိုးထပ်မံရယူသွားသည်။ နှစ်ဖက်အသင်းဆက်လက်ယှဉ်ပြိုင်ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိကြ၍ ပွဲအပြီးတွင် ISPE အသင်းက ၅ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိသွားသည်။ **ဝန်းရံခ**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်တံခွန်စိုက်ပြိုင်ပွဲ ၂၀၂၆ အကြိုဗိုလ်လုပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြုလုပ်သည့် 2026-Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကြိုဗိုလ်လုပွဲစဉ်များကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိသိမ်ဖြူအားကစားရုံ၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်မွန်းလွဲ ၁ နာရီတွင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ၄၈ ကီလိုတန်းတွင် ဘဂျမ်း(Ray Club)နှင့် နေဇော်ထက်(ဇာမဏီမောင်)၊ စိုင်းသစ်မင်း(Python တော်ဝင်ဇရာ)နှင့် လားလဲဘွဲ့(ရိုးရာကျား)၊ ၅၁ ကီလိုတန်းတွင် ကောင်းခန့်ကျော်(ပဲခူးကလပ်)နှင့် စောထက်အောင်(Warriors)၊ သားထွေး(ကျားမနိုင်)နှင့် ခွဲမာန်ဦး(ဇာတိမြန်မာ)၊ ၅၄ ကီလိုတန်းတွင် ဒေးဗစ်ချင်း(MK-1)နှင့် ရဲခေါင်(အဖြူရောင်သွေးသစ်)၊ ဖြိုးမင်းသန်း(ပဲခူးကလပ်)နှင့် ထက်လင်းစံ(Top One)တို့ ထိုးသတ်ကြမည်ဖြစ်သည်။

ထို့အတူ ၅၇ ကီလိုတန်းတွင် စောဿမျှား(MK-1)နှင့် ယုဒ(Python တော်ဝင်ဇရာ)၊ ဆင်ပေါက်(ကျားမနိုင်)နှင့် စောကီးဒို(Nine)၊ ၆၀ ကီလိုတန်းတွင် ရန်မျိုးအောင်(YMA)နှင့် ပြည့်ဖြိုးဦး(Strong Wrestler)၊ သန်းဇော်ဦး(Top One)နှင့် ဒေးဗစ်ဂျိမ်း(Zeal)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ရုံဝင်ကြေးအခမဲ့ဖြင့် ရိုးရာလက်ဝှေ့ဝါသနာရှင် မည်သူမဆို ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဝန်းရံခ

စပိန်အသင်း အင်္ဂလန်ကိုရှုံးနိမ့်ပြီး ၄၃ ပွဲဆက် ရှုံးပွဲမရှိ စံချိန်ကျိုးပျက်

ရန်ကုန် နိုဝင်ဘာ ၁၆

UEFA Nations League A Gorup(3) ပွဲစဉ်(၆)အဖြစ် စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ စပိန်နိုင်ငံ မက်ဒရစ်မြို့ မက်ထရိုပိုလီတာနိုကွင်း၌ နိုဝင်ဘာလ ၁၆ ရက်နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက အိမ်ရှင်စပိန်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်းသည်ပွဲစတင်ချိန်ကတည်းက စပိန်အသင်းကိုတိုက်စစ်မြှင့်ကစားခဲ့သည်။ ပွဲကစားချိန် ၄၅ မိနစ်တွင် ရရှိလာသည့်ပယ်နယ်တီကို အင်္ဂလန်အသင်းအတွက် ဟယ်ရီကိန်းက အမှားအယွင်းမရှိ ကန်သွင်းပြီး ဦးဆောင်ဂိုးသွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် အင်္ဂလန်အသင်းက စပိန်အသင်းကို တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၅၃ မိနစ်နှင့် ၅၇ မိနစ်တွင် အင်္ဂလန်အသင်းဘန်ရှိုက်တို့က အင်္ဂလန်အသင်းအတွက် ဒုတိယနှင့်တတိယမြောက် ဂိုးသွင်းယူခဲ့သည်။ သို့သော်ပွဲကစားချိန် ၆၅ မိနစ်တွင် ကိုအိုယာဇာဘယ်လ်က စပိန်အသင်းအတွက် ပယ်နယ်တီကန်သွင်းပြီး ချေပဂိုးသွင်းယူခဲ့သည်။ စပိန်အသင်းသည် ချေပဂိုးများရရှိရန်အတွက် တိုက်စစ်မြှင့်ကစားလာခဲ့ပြီး ပွဲကစားချိန် ၇၅ မိနစ်တွင် နီကိုဝီလီယံက စပိန်အသင်းအတွက် ဒုတိယချေပဂိုးသွင်းယူပေးခဲ့ပြီး ပွဲကပိုမိုအကြိတ်အနယ်ရှိလာခဲ့သည်။ လက်ကျန်မိနစ်များတွင် စပိန်အသင်းချေပဂိုးရရန် တရစပ်တိုက်စစ်မြှင့်ကစားခဲ့သော်လည်း အင်္ဂလန်အသင်းခံစစ်နှင့် ဂိုးသမားတို့ လက်စွမ်းပြကာကွယ်နိုင်မှုကြောင့် ပွဲပြီးဆုံးချိန်တွင်အင်္ဂလန်အသင်းက စပိန်အသင်းကို ၂ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



ယခုနိုင်ပွဲကြောင့် အင်္ဂလန်အသင်းသည် အဝေးကွင်း ၁၀ ပွဲဆက်တိုက်အနိုင်ရရှိသည့် စံချိန်သစ်ကိုတင်နိုင်ခဲ့ပြီး စပိန်အသင်းအတွက် ၄၃ ပွဲဆက်ရှုံးပွဲမရှိစံချိန် ကျိုးပျက်ခဲ့ကြောင်း သိရသည်။ **ZMO**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး။

■ **ကျောဖုံးမှအဆက်**

အဆိုပါပွဲစဉ်များအနက် အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ အမျိုးသားအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုသို့ ကျင်းပမှုများကို MRTV-HD၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

ထူးခြားသည့်နေ့အပူချိန်များ

၁၆-၁၁-၂၀၂၆

ထားဝယ်	**၃၇**	**ဒသမ**	**၀**	**ဒီဂရီဆဲလ်စီးယပ်**
မြဝတီ	**၃၆**	**ဒသမ**	**၇**	**ဒီဂရီဆဲလ်စီးယပ်**
မုဒုံ	**၃၆**	**ဒသမ**	**၀**	**ဒီဂရီဆဲလ်စီးယပ်**
ရေး	**၃၅**	**ဒသမ**	**၅**	**ဒီဂရီဆဲလ်စီးယပ်**
ပြည်	**၃၅**	**ဒသမ**	**၄**	**ဒီဂရီဆဲလ်စီးယပ်**
မော်လမြိုင်	**၃၅**	**ဒသမ**	**၃**	**ဒီဂရီဆဲလ်စီးယပ်**
ပခုက္ကူ	**၃၅**	**ဒသမ**	**၀**	**ဒီဂရီဆဲလ်စီးယပ်**
မြိတ်	**၃၅**	**ဒသမ**	**၀**	**ဒီဂရီဆဲလ်စီးယပ်**
ဘားအံ	**၃၅**	**ဒသမ**	**၀**	**ဒီဂရီဆဲလ်စီးယပ်**
ရွှေကျင်	**၃၄**	**ဒသမ**	**၈**	**ဒီဂရီဆဲလ်စီးယပ်**

❐ **မြန်မာအမျိုးသမီးမှ**

ROYAL PANTRA အသင်းတို့ပွဲတွင် ROYAL PANTRA အသင်းက ၇ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့အတူ မွန်းလွဲ ၁ နာရီခွဲတွင် ယှဉ်ပြိုင်သည့် THE STARS အသင်းနှင့် PACIFIC SUN FAR အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၉ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင်ယှဉ်ပြိုင်ကစားသည့် ဒဂုံဆိပ်ကမ်းအသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့ပွဲတွင် မင်္ဂလာဒုံစီးတီးအသင်းက ၆ ဂိုး ၁ ဂိုး ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ပွဲစဉ်(၃)ယှဉ်ပြိုင်မှုအပြီးတွင် YRG အသင်း၊ U-19 TEAM အသင်းတို့သုံးပွဲဆက်နိုင်ပွဲရရှိကြပြီး ရိုးမအသင်း၊ PACIFIC SUN FAR အသင်းနှင့် ROYAL PANTRA အသင်းတို့က နှစ်ပွဲနိုင်ထားကာ လှိုင်သာယာအသင်း၊ မင်္ဂလာဒုံစီးတီးအသင်းနှင့် THE STARS အသင်းတို့က တစ်ပွဲစီနိုင်ထားကြသည်။ ဒဂုံဆိပ်ကမ်းအသင်းနှင့် BUSHIDO TEAM အသင်းတို့မှာ နိုင်ပွဲရာဖွေလျက်ရှိကြောင်း သိရသည်။

ဝန်းရံခ

MYAWADY IN ENGLISH DAILY EDITION

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin arrives in Malaysia to attend 27th ASEAN Chiefs of Army Multilateral Meeting (27th ACAMM)



Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin holds talks with Commander-in-Chief of the Royal Thai Army General Pana Claew-plodtook.

NAY PYI TAW November 16

A Myanmar Tatmadaw delegation led by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, who will attend the 27th ASEAN Chiefs of Army Multilateral Meeting (27th ACAMM) to be held in Malaysia, arrived at Kuala Lumpur International Airport, Malaysia, this morning. The General and delegation members were welcomed by senior officers of the Malaysian Armed Forces, Myanmar Ambassador to Malaysia U Aung Kyaw Moe, Myanmar Military Attaché (Army, Navy and Air) Brig-Gen Nyi Nyi Oo and his wife, and officials.

Subsequently, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his delegation departed from Kuala Lumpur International Airport and arrived at the Double Tree Hotel in Malacca, where they were welcomed by 11th Brigade Commander Brig-Gen Dato' Safwan from the Malaysian Armed Forces and officials.

In the evening, General Kyaw Swa Lin held discussions with Commander-in-Chief of the Royal Thai Army General Pana Claew-plodtook at the Strait-1 Hall of the hotel.

Senior Tatmadaw officers accompanying the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) as members of the delegation, together with the Myanmar Military Attaché (Army, Navy and Air), attended the meeting. The Commander-in-Chief of the Royal Thai Army and officials were also in attendance.

During the meeting, they held cordial and frank discussions, exchanging views on matters concerning the promotion of friendship and cooperation in various sectors between the armed forces of the two countries; border security, peace and stability; the effective measures being taken by the Myanmar government to combat and suppress narcotic drugs, illegal border trade and human trafficking; and the need for cooperation from the Thai side in jointly preventing and restricting the supply of food, fuel, electricity and telecommunications equipment required to support online scam and gambling activities being conducted along the border between the two countries under the protection of certain terrorist groups.



Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin being welcomed at Kuala Lumpur International Airport of Malaysia.

After the meeting, the two Generals from Myanmar and Thai armed forces exchanged emblems and posed for a group photograph.

100

Tatmadaw columns conduct area security operations against terrorist insurgents and their temporary strongholds along Indaw–Wuntho–Kawlin–Kyunhla–Kanbalu and Indaw–Kyauktan–Sabai Nanthar routes



Tatmadaw columns clearing and capturing villages along the Indaw–Maugon–Kyauktan route that had been bullied, dominated, and used as military camps by terrorist groups.

NAY PYI TAW November 16

In addition to carrying out national defence and security duties to ensure regional peace and stability so that the public can live peacefully and improve their socio-economic lives, the Tatmadaw has been cooperating with the Government and local residents on regional development initiatives. As part of these efforts, the Tatmadaw is working to regain control of and reopen vital communication routes in Sagaing Region—specifically the Indaw–Wuntho–Kawlin–Kyunhla–Kanbalu route and the Indaw–

SEE PAGE - 22








Tatmadaw columns clearing and capturing villages along the Indaw–Maugon–Kyauktan route that had been bullied, dominated, and used as military camps by terrorist groups.



Tatmadaw columns clearing and capturing villages that had been bullied, dominated, and used as military camps by terrorist groups.





Tatmadaw columns clearing and capturing villages that had been bullied, dominated, and used as military camps by terrorist groups.



Weapons, ammunition, and related accessories seized from terrorist insurgents near Kan Kone Village.



Weapons, ammunition, and related accessories seized from terrorist insurgents.



Weapons, ammunition, and related accessories seized from terrorist insurgents near Mingon Village.

FROM PAGE - 21

Kyauktan–Sabai Nanthar route—which had been temporarily occupied by terrorist insurgents carrying out destructive activities.

Through these ongoing efforts, towns, villages, and communication routes temporarily controlled by terrorist insurgents are being recaptured one after another. News regarding the attacks and security operations against terrorist insurgents hiding and committing acts of terror along the Indaw–Wuntho–Kawlin route and the Indaw–Maugon–Kyauktan route was previously released on October 20, 2026.

Subsequently, Tatmadaw columns continued area security operations to clear out remaining terrorist insurgents and their bases along those two routes. The column operating on the Indaw–Wuntho–Kawlin section successfully regained control of Sakyar Maung Village on October 20, and Kyeegon and Zeephyugon villages on October 21.

Similarly, the Tatmadaw column operating on the Indaw–Maugon–Kyauktan section recaptured Nyaunggon and Budalet villages on October 29; Peinnegon Village on November 1; Point-182 hill and Point-344 hill on November 2; and Doepin Village on November 4.

Continuing joint area security operations with the Tatmadaw column on the Indaw–Wuntho–Kawlin route, forces advanced and successfully cleared and captured Kyundaw and Padonmar villages on November 5; Mingon and Kyauktan villages on November 6; and Taungmaw Village on November 7. On the evening of November 8, the Tatmadaw columns successfully arrived in Wuntho, where they were warmly welcomed by departmental officials and local ethnic residents.

Following this, Tatmadaw columns systematically reorganized and prepared in Wuntho and Kyauktan Village to clear and eliminate terrorist insurgents temporarily controlling and conducting destructive acts along the Wuntho–Kawlin–Kyunhla–Kanbalu

SEE PAGE - 23





Mines and related accessories seized from terrorist insurgents near Koetaungboet Village.



Bunkers, firing trenches, and defensive pits dug and used as military camps in villages and surrounding areas along the Indaw–Wuntho–Kawlin–Kyunhla–Kanbalu and Indaw–Kyauktan–Sabai Nanthar routes.

FROM PAGE - 22

and Kyauktan–Sabai Nanthar routes. Dividing into columns to conduct synchronized area clearance operations, forces successively cleared and captured Kawlin on November 11; Wahyonkhon, Kokkogon, and Nyaunggon villages on November 12; Koetaungboet Village on November 13; and Thintaw and U-tone Pin villages on November 15.

During these operations to recapture the routes and villages temporarily held by terrorist insurgents, Tatmadaw columns fought valiantly without regard for their own lives. A total of 29 major and minor engagements took place with the terrorist insurgents. Forces seized 13 enemy dead bodies, 11 assorted weapons, ammunition and related accessories, firing trenches, bunkers, living huts, explosive devices and accessories used for terrorist sabotage, insurgent camouflage uniforms, body armor, a makeshift medical clinic with medical supplies, and other equipment.

While temporarily controlling the surrounding areas, joint groups of terrorist insurgents were found to have dug communication trenches inside villages and constructed bunkers within civilian homes and fences to mount fortified defences and carry out various forms of sabotage. Furthermore, they blocked communication routes, extorted money from passenger vehicles and cargo trucks traveling along those roads, abducted, tortured, and killed civilians, and carried out forced recruitment. These actions disrupted the regional flow of goods, drove up commodity prices, and caused a decline in the overall socio-economic conditions of the local population.

It is reported that Tatmadaw columns, with the cooperation and participation of local residents, are continuing to intensify necessary area security operations to swiftly regain full control of and reopen these routes, as well as to clear and eliminate the terrorist insurgents hiding and conducting destructive acts along them. **100**



Bunkers, firing trenches, and defensive pits dug and used as military camps in villages and surrounding areas along the Indaw–Wuntho–Kawlin–Kyunhla–Kanbalu and Indaw–Kyauktan–Sabai Nanthar routes.

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) goes on

NAY PYI TAW November 16

As the government has completely demolished illegal buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, the dismantling of a 5-storey building and a 6-storey one under mechanical demolition among those left for destruction in Shwe Kokko (Part-II) completed up to 40 percent and 80 percent respectively today.

A total of 63 buildings used in online scams and gambling and left for destruction in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and manual dismantling floor by floor due to their proximity to residences and demolition works were being carried out. The dismantling of altogether 11 buildings including four designated for detonation and seven for mechanical demolition completed and plans were underway to systematically knock down the remaining 52 illegal buildings.



Ongoing systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).



Ongoing systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

The government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, in cooperation with neighbouring and regional countries. **100**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Pawkywe rice in high demand at local market in Maubin Township

MAUBIN November 16

Daw Than Swe, the proprietor of rice and paddy trading depot in Maubin Township of Ayeyawady Region, said that local market sees the booming trade of Pawkywe rice.

At the Maubin rice and paddy trading market, Pawkywe rice varieties have been in strong demand and trading actively from 1 September to date. The increased demand for Pawkywe rice is attributed to stronger buying from the local market.

"Currently, demand for Pawkywe rice is stronger in the local market than for other rice varieties. Buying has picked up since 1 September. Pawkywe rice is also in strong demand in the domestic market, resulting in increased trading activity. Demand for Pawkywe rice remains strong within the country. Around 5,000 bags of rice, each containing 24 pyi, are being traded per day. As trading has improved, those storing rice and paddy are benefiting most," said Daw Than Swe.



At the Maubin Township rice and paddy market, a 24-pyi bag of the Pawkywe rice varieties in strong demand is fetching up to Ks-120,000. The increased demand for Pawkywe rice has also created better employment opportunities for rice and paddy storage operators, traders, truck operators who transport goods and loading workers. **SK**

Budalin Township plans to grow more than 2,000 acres of maize and sweet corns

BUDALIN November 16

This year, 2,980 acres of maize and sweet corn will be cultivated in Budalin Township, Sagaing Region, during the coming winter crop cultivation season, according to statistics from the Budalin Township Agriculture Department.

During the 2026-2027 winter crop cultivation season, 2,980 acres are targeted for cultivation in Budalin Township, comprising 25 acres of maize and 2,955 acres of sweet corn. Cultivation will take place from October to December this year.

"This year, 2,980 acres of maize and sweet corn are planned to be cultivated in Budalin Township during the coming winter crop cultivation season. We will provide farmers with awareness and guidance to ensure the successful growth of maize crops and to prevent pest and disease infestations," said U Phyo Wai, Head of Budalin Township Agriculture Department.

This year, the Township Agriculture Department will provide training and conduct field demonstrations for maize and sweet corn growers in Budalin Township. It will also provide awareness on preventive measures against fall armyworm, integrated pest management, including the use of neem-based pesticides and ginger- and chilli-based pest-control preparations, as well as other agricultural practices.

In Budalin Township, maize yields more than 50 baskets per acre, with cultivation costs amounting to about Ks-500,000 per acre. Sweet corn produces about 15,000 ears per acre, while cultivation costs are more than Ks-500,000 per acre. **SMK**

Dried chilli selling well at domestic market in Kyonpyaw Township



KYONPYAW November 16

Daw Nyo Myint, the owner of foodstuff trading depot in Kyonpyaw Township of Ayeyawady Region, said that local merchants are trading dried chilli in Kyonpyaw Township.

Dried chilli has been selling well in Kyonpyaw Township from the first week of September this year to date. As it is currently the peak season for dried chilli in the area, the price is ranging from Ks-15,500 to Ks-18,500 per viss, according to local traders.

"Dried chilli is selling well. In this area, we have found that two varieties of dried chilli produced by local farmers are particularly in demand. The dried chilli currently being traded was purchased and stored during the summer. As dried chilli is now selling well, farmers are receiving good prices for their produce, while agricultural workers are also benefiting. This year, fewer farmers cultivated chilli than last year, while demand has increased in both the local market and the Yangon market, resulting in good trading," said Daw Nyo Myint, an owner of a foodstuff trading depot in Kyonpyaw Township.

Dried chilli produced by farmers in Kyonpyaw Township is of good quality and is free from pest and disease infestations and mould. As demand for locally produced dried chilli has increased, both chilli growers and agricultural workers are benefiting, according to local sources. **SK**

Local authorities earmark cultivation of more than 2,000 acres of green gram

MYAUNG November 16

Myaung Township Department of Agriculture Department stated that local authorities earmarked cultivation of more than 2,000 acres of green gram as cold season crops in Myaung Township of Sagaing Region this year.

During the 2026-2027 winter crop cultivation season, 2,323 acres of green gram are planned to be cultivated in Myaung Township. Cultivation of green gram will take place from October to December this year.

"This year, more than 2,000 acres of green gram are planned to be cultivated in Myaung Township during the winter crop cultivation season. We will make arrangements to ensure that the targeted acreage is fully cultivated. Green gram cultivation has been increasing year by year. We will provide farmers with guidance on expanding green gram cultivation and on using quality and pure seeds to achieve better yields," said U Myint Thu, Head of Myaung Township Agriculture Department.

This year, the Township Agriculture Department will provide green gram growers in Myaung Township with guidance on obtaining quality and pure seeds suitable for local conditions, adopting proper cultivation methods, preventing pest infestations, using fertilizers systematically and improving crop yields.

During this year's winter crop cultivation season, the relevant Township Agriculture Department is also working together with farmers to provide the necessary quality and pure seeds, agricultural inputs, post-harvest technologies and other assistance to improve the yield and quality of various pulse crops. **SK**

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့်ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့ ည ၆ နာရီ ၂၀ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၈ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ "ရှိုင်း" Baby Store ဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဒါမ်းခြောက်၍ သေနတ် ၁ ချက်ပစ်ဖောက်ကာ ငွေ ၅ သိန်းကျပ်အား လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ အောင်ပင်လယ်နယ်မြေရဲစခန်း (ပ)၁၆၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် လည်းကောင်း။

နိုဝင်ဘာလ ၄ ရက်နေ့ ည ၆ နာရီအချိန်တွင် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာ၊ ကာလမ်းအနီး ဆိုင်ခန်းတစ်ခုတွင် ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၅၈ လမ်း၊ ၃၂ လမ်းနှင့် ၃၂ လမ်း(A)လမ်းကြားရှိ Lwin Mobile Phone အရောင်းဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး ဆိုင်မှဝန်ထမ်းများအား သေနတ်ပြဒါမ်းခြောက်၍ သေနတ် ၂ ချက်ပစ်ဖောက်ကာ မှန်ကောင်တာအားရိုက်ခွဲ၍ လက်ကိုင်ဖုန်းမျိုးစုံ ၅ လုံးအား လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃) နယ်မြေရဲစခန်း (ပ)၁၁၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် လည်းကောင်း။

နိုဝင်ဘာလ ၅ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တွင် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာ၊ ကားလမ်းဘေးရှိ "ထာဝရ" ဖုန်းဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဒါမ်းခြောက်ငွေတောင်းခံရာ မရရှိသဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူကိုအောင်မျိုးသန့် (၃၇) နှစ်အား သေနတ်ဖြင့် ၂ ချက်ပစ်ခတ်ခဲ့ရာကိုအောင်မျိုးသန့်တွင် ဦးခေါင်းကျည်ထိမှန်ဒဏ်ရာရရှိသေဆုံးခဲ့ပြီး တရားခံမှငင်းစီးနင်းလာသည့် ဆိုင်ကယ်ဖြင့် လိန်ပင်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သဖြင့် ကိုအောင်မျိုးသန့်၏ဦးလေးဖြစ်သူ ကိုမောင်(ခ)မိုးကျော်အောင် (၄၇) နှစ်နှင့် ဦးပေလုံး(ခ)မင်းလွင် (၅၅) နှစ်တို့ ၂ ဦးမှ တရားခံ၏နောက်သို့ MDY-12 2E-5457 TOYOTA CROWN ယာဉ်ဖြင့်လိုက်ပါသွားခဲ့ရာ လိန်ပင်ကျေးရွာ ရွာလယ်လမ်းအရောက်၌ အဆိုပါအမျိုးသားမှငင်းစီးလာသည့် ဆိုင်ကယ်အား မော်တော်ယာဉ်ရှေ့သို့ထိုးရပ်၍ သေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့ပြီး ယာဉ်ရှေ့ခန်းအတွင်းသို့ MG-1 လက်ပစ်ဗုံး ၁ လုံးအား ပစ်ပေါက်ခဲ့ရာ လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ သေနတ်ဖြင့်ပစ်ခတ်ခံရမှုကြောင့် ကိုမောင်(ခ) မိုးကျော်အောင်နှင့် ဦးပေလုံး(ခ)မင်းလွင်တို့ နှစ်ဦးတွင် ခန္ဓာကိုယ်ကျည်ဖောက်ဝင်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၂၄၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာလ ၅ ရက်နေ့ မွန်းလွဲ ၁ နာရီ၄၅ မိနစ်အချိန်တွင် ပုသိမ်ကြီးမြို့နယ်၊ လိန်ပင်ကျေးရွာ၊ ရွာလယ်လမ်းအနီးနေသူမထက်ယုယုအောင် (၃၆) နှစ်၏နေအိမ်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ခြိမ်းခြောက်၍ ၄၅ယ/၇၇၂၄၉ DAYANG ခဲ/နက်ရောင်ဆိုင်ကယ်အား လုယက်ယူဆောင်ခဲ့ပြီး ရေကြည်ကျေးရွာဘက်သို့ ဆက်လက်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၂၄၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာလ ၅ ရက်နေ့ ည နေ ၄ နာရီအချိန်တွင် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာရှိ မဇူးမြတ်နိုး(၁၉)နှစ်ပိုင်ဆိုင်သည့် "အထင်ကရ" ကုန်စုံဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေသိန်း ၄၀ ကျပ်အား လုယက်ယူဆောင်ကာ သေနတ် ၁ ချက် ပစ်ဖောက်၍ ထွက်ခွာသွားကြောင်း သတင်းအရ ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၂၄၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ အမှုအသီးသီးရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူတရားခံအား ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က တရားခံအား ဖမ်းဆီးနိုင်ရေးအခင်းဖြစ်နေရာများအား စစ်ဆေးဆောင်ရွက်ခြင်းနှင့် ဒုစရိုက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်များနှင့် ပေါင်းစပ်၍ ကွင်းဆက်မပြတ်စုံစမ်းဆောင်ရွက်ခဲ့ရာ အမှုများအား တရားခံတစ်ဦးတည်းမှ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၅ ရက်နေ့ ည နေပိုင်းတွင် အခင်းဖြစ်နေရာအနီး၌ တရားခံစီးနင်းအသုံးပြုခဲ့သည့် ဆိုင်ကယ်နှင့် ဆိုင်ကယ်တူးဘောက်အတွင်းမှ ယာဉ်မှတ်ပုံတင်စာအုပ် ၁ အုပ်၊ ဆိုင်ကယ်ဂိုးတက် ၁ ခု၊ ဦးကျော်ဆန်းအမည်ပါ ယာဉ်မောင်းလိုင်စင်ကတ်ပြား ၁ ခု၊ ဆိုင်ကယ်ဘီးခွန် ၁ စောင်၊ လက်ပစ်ဗုံး စနက်တံ ၁ ခု၊ ငွေစက္ကူရောရာ ၉၀၀၀၀ ကျပ်တို့အားလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ လိန်ပင်ကျေးရွာ၊ ရွာလယ်လမ်းအနီးနေ မထက်ယုယုအောင်ဆုံထံမှလုယူသွားသည့် DAYANG အမျိုးအစား ဆိုင်ကယ်တစ်စီးအား ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာ ဇီးခြံအနီး လူသွားလမ်းပေါ်မှ လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ယာဉ်မောင်းလိုင်စင်ကတ်ပြားပါ ပုသိမ်ကြီးမြို့နယ်၊ အရှေ့ကန်ကောက်ရပ်ကွက်၊ ၅၈ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ "ရှိုင်း" Baby Store ဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဒါမ်းခြောက်၍ သေနတ် ၁ ချက်ပစ်ဖောက်ကာ ငွေ ၅ သိန်းကျပ်အား လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ အောင်ပင်လယ်နယ်မြေရဲစခန်း (ပ)၁၆၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။



